
ရူးရူး
ဖျတ်ခနဲ
လမ်းပေါ်မှာ...
ဖျတ်ခနဲ ပခုံးချင်းတိုက်မိသွားတဲ့လူက
သင့်ရဲ့...
ဖူးစာရှင် ဖြစ်မလာနိုင်ဘူးလို့...
လိပ်ပြာလုံလုံနဲ့ ငြင်းနိုင်မလား?

ဇာတ်လမ်းမိတ်ဆက် (Introduction)

လမ်းပေါ်မှာ ...

ဖျတ်ခနဲ ပခုံးချင်းတိုက်မိသွားတဲ့ လူက...

သင့်ရဲ့ ...

ဖူးစာရှင် ဖြစ်မလာနိုင်ဘူးလို့ ...

လိပ်ပြာလုံလုံနဲ့ ...

ငြင်းနိုင်မလား?

***

## အခန်း (၁)

"ခရီးသည် များ ခင်ဗျား... ကျွန်တော်တို့ ရဲ့ ပြည်-ရန်ကုန် ခရီးစဉ်ရဲ့ ဂိတ်ဆုံးဖြစ်တဲ့ အောင်မင်္ဂလာအဝေးပြေးဂိတ်ထဲသို့ရောက်ရှိနေပြီဖြစ်တဲ့ အတွက်... ခရီးသည် တို့ အလိုရှိရာကို သွားနိုင်ဖို့ ရာ လိုင်းကားများ ၊ တက္ကစီများ ပြောင်းစီးနိုင်ကြပါပြီခင်ဗျာ..."

စွာကျယ်ကျယ် ကားစပယ်ယာလေးရဲ့ အသံကြောင့် တစ်လမ်းလုံး အိပ်ပျော်လာတဲ့ သူမ နိုးသွားရပြီး ပတ်ဝန်းကျင်ကို တစ်ချက်အကဲခတ်ကြည့် မိသည် ။

အင်း... တကယ်ပဲ ရန်ကုန်ကိုရောက် လာပြီပဲ။

ဒီတော့ သူမ ကားပေါ်က ဆင်းဖို့ အထ, တခြားခရီးသည် တွေဆင်း နေတဲ့ အတွက် ကိုယ့်အလှည့်ရောက်ဖို့ စောင့်နေရင်း ဘေးမှာ ဘယ်လို လူမျိုး လိုက်ပါလာလဲဆိုတာကြည့်လိုက်တော့ ရုပ်ဆိုးဆိုး၊ အသက်ကြီးကြီး လူကြီးတစ်ယောက်။

စိတ်ပျက်ပျက်နဲ့ နှာခေါင်းရှုံ့ပြီး ဘေးကလူတွေဆင်းပြီးတာကိုစောင့် နေရင်းနဲ့ လူရှင်းသွားလို့ ဆင်းဖို့ ပြင်တော့... မတ်တပ်ရပ်လို့ တောင် မ ရနိုင်ဖြစ် သွားရ၏။

အကြောင်းကတော့ အလိုက်မသိတဲ့ လူတစ်ယောက်က သူ့ခရီးဆော င်အိတ်ကို သူမခေါင်းပေါ်တည့်တည့်တန်းပေါ်တင်ထားသဖြင့် အဲဒီအိတ် ကို သဲကြီးမဲကြီးလာဆွဲယူနေသောကြောင့် ဖြစ်သည် ။

အိတ်ကို စိတ်ဝင်တစားနဲ့ ဆွဲနေတဲ့ ငနဲက ပတ်ဝန်းကို လုံးဝ ဂရုစိုက် ပုံမပေါ်။ သူမကိုလည်း သတိထားမိပုံမပေါ်။ သတိမထားမိရုံသာမက... အိတ်ကိုအားနဲ့ ဆွဲဆွဲပြီး ယူလိုက်တိုင်း သူ့ဗိုက်နဲ့ သူမခေါင်း ထိထိမိနေ တာကိုတောင် သိတဲ့ ပုံမပေါ်။

သူ့အိတ်ကို ဆွဲထုတ်ရရေးသာ စိတ်ဝင်စားနေတဲ့ ငနဲက တော်တော် အလိုက်ကန်းဆိုးမသိတဲ့ ငနဲပါလားလို့ သူမ ယူဆလိုက်မိသည် ။

သူ့အိတ်ကလည်း အတော်ကျပ်နေ၏။ သူ ဘယ်လိုပဲ အားကြီးနဲ့ ဆွဲ ဆွဲ ထွက်မလာ။

ထွက်မလာတာ အရေးမကြီးဘူး။ သူ အဲလိုဆောင့်ဆောင့်ပြီးဆွဲတိုင်း သူမခေါင်းနဲ့ သူ့ဗိုက်က တိုက်တိုက်မိနေတာ။ တစ်ဖက်ကို ယိမ်းထားဖို့ ကျ ပြန်တော့လည်း ဒီဖက်မှာ ရှိတာက ရုပ်ဆိုးဆိုးလူကြီး။

ပထမတော့ သီးခံနိုင်သလောက် သီးခံပေးနေပေမဲ့ တော်တော်နဲ့ ဆွဲ

ထုတ်မရဖြစ်နေတဲ့ သူ့အိတ်ကိုရော၊ သူ့ကိုပါ သီးမခံနိုင်တော့တဲ့ နောက်ဆုံး

"ကျွန်မဖယ်လိုက်မယ်လေ။ ရှင်ပြီးမှ ဆက်ယူပေါ့..."

လို့ ပြောလိုက်မိပေမဲ့ ငနဲသားက ဘာမှ မတုန့်ပြန်ဘူး။ အိတ်ကိုပဲ သည်းကြီးမဲကြီးဆွဲထုတ်နေလေသေးသည် ။

"နေပါဦးဗျာ... ဒီမှာ ကျွန်တော့်ခရီးဆောင်အိတ်က ယူရတာကျပ်နေလို့ ပါ။ နည်းနည်းတော့ သည်းခံပေးမှ ပေါ့...ခရီးသွားအချင်းချင်းကို"

သူ့အိတ်ကိုဆွဲထုတ်ရင်းနဲ့ လူကိုတောင် ငုံ့မကြည့်ပဲ ပြန်ပြောတော့ သူမဘယ်လိုဆက်ပြီး သီးခံနိုင်တော့မှာ လဲ။

ဒီတစ်ဖက်မှာ ရှိတဲ့ လူကြီးကလည်း သူ့ဖက်ကို သူမယိမ်းလိုက်မိတိုင်း ပြိတီတီမျက်နှာထားကြီးနဲ့ ကြည့်တာ လူကို စားမတတ်၊ ဝါးမတတ်။

"ဒီမှာ ... ရှင့်အိတ် ယူတာလည်း ယူပေါ့။ ဒါပေမဲ့... ရှင့်ဗိုက်နဲ့ ကျွန်မခေါင်း တိုက်မိနေပြီနော်။ သတိလည်း ထားဦး..."

"ခင်ဗျားကလည်း ခေါင်းက မာတယ်။ ဗိုက်ကပျော့တယ်လေ။ ဒါတောင်မသိဘူးလား။ ဒါကိုများ အဆန်းလုပ်လို့ "

လူလိုအလိုက်မသိတဲ့ လူက စကားပြောရလည်း လက်ပေါက်ကပ်လှပါ၏။

"ကျွန်မ မာတာ၊ ပျော့တာတွေ ပြောနေတာ မဟုတ်ဘူး ။ အဓိကက ရှင့်ဗိုက်နဲ့ ကျွန်မခေါင်းထိထိမိနေပြီလို့ ..."

စိတ်မရှည်စွာအော်လိုက်သော်လည်း ဘာသားချောက သူ့အိတ်ကိုသာ စိတ်ဝင်တစား ဆွဲထုတ်နေရင်း...

“ဟုတ်တယ်လေ။ အဲ့ဒါခင်ဗျားခေါင်းနာလို့ လား…”

“နာတော့ မနားဘူးပေါ့။ ဒါပေမဲ့ အနေရခက်တယ်လေ”

“သည်းခံ။ ရတော့မယ်…”

သူ နည်းနည်းလေးတောင် အားမနာပဲ အိတ်ကိုပဲ သည်းကြီးမဲကြီး ဆွဲထုတ်နေပါ၏။

နောက်ဆုံး သီးခံနိုင်တဲ့ အတိုင်းတာကျော်လွန်သွားပြီးဖြစ်လို့ အသံမာမာဖြင့်။

“ကဲ… ရှင်ဒီနေ့ ကားပေါ်က ဆင်းဦးမှာ လား?”

လို့ မေးလိုက်မိပါတော့သည် ။

ကားပေါ်မှာ ကလည်း သူရယ်၊ သူမရယ်၊ ဒီဖက်က တဈာရှူးကြီးရယ်သာ ကျန်တော့တာမို့လား။

မေးသာမေးတာပါ။ သူက ပိုအတင့်ရဲ လာပြီး သူမခုံရဲ့ လက်တင်တဲ့ နေရာကို ကျားကန်သလို ခြေထောက်နဲ့ ကန်ထောက်ပြီး သူ့အိတ်ကို အားကုန် ဆွဲထုတ်လိုက်တော့ ကျပ်နေတဲ့ သူ့အိတ် စွပ်ခနဲ ဆွဲထုတ်လို့ ရသွားပါ၏။

တပြိုင်နက်ပါပဲ အားကုန်ဆွဲထုတ်နေခဲ့တာကြောင့် သူလည်း အရှိန်လွန်ပြီး သူ့နောက်ကျောကခုံပေါ်ကို ပုံပျက်ပန်းပျက်ကို ပလက်ကြီး ပြုတ်ကျ သွား ပါလေရော။

“ကောင်းတယ်… သေ… မသာကောင်”

သူမလည်း မမြင်ကပ်ကပ်ဖြင့် သူ မကြားအောင် တီးတိုးနာမည်မှဲ့ ပေးလိုက်ပြီး ကိုယ့်အိတ်ကိုယ်ဆွဲကာ ကားပေါ်က ဆင်းခဲ့လိုက်ပါသည် ။

ပြီးတော့ အိမ်ပြန်ဖို့ ကားမငှားမီ မေမေ့ဆီ ဖုန်းလှမ်းဆက်ဖြစ်ပါသေးသည် ။ ဒါမှ သူမပြန်လာတယ်ဆိုတာ မေမေသိမှာ ဖြစ်မည်။

"ဟဲလို မေမေလား?"

တဖက်တွင် မေမေ့ဖုန်းကို အလွယ်တကူခေါ်လို့ ရလို့ တော်တော်လေး အဆင်ပြေသွားသည် ။

"ဟုတ်တယ်။ စုပုံချစ်လား သမီး..."

"ဟုတ်တယ်... မေမေ။ သမီးအခု အောင်မင်္ဂလာအဝေးပြေးကွင်းမှာ ။ နောက်ထပ်နှစ်နာရီလောက်ဆိုရင် သမီး ပဲခူးကိုရောက်ပြီမေမေ။ နော် ... ခဏ စောင့်ပေးပါ မေမေရယ်..."

မေမေ့ကို တတ်နိုင်သလောက် လေသံပျော့ပျော့ဖြင့် တောင်းပန်လိုက်ရပါသည် ။ မတောင်းပန်လို့ လည်း မဖြစ်။ အိမ်က မသိအောင် တစ်ယောက်တည်း ခိုးပြီး ခရီးထွက်ခဲ့တာ ဒီနေ့ဆိုရင် တစ်လတိတိတောင်ပြည့်ပြီ။

မိဘခွင့်ပြုချက်မရှိပဲ အညာတစ်လျှောက် ခရီးထွက်ခဲ့မိသဖြင့် အိမ်မပြန်မီ အမေ့ဆီ မျက်ရည်ခံမထိုးလို့ မဖြစ်။

သူမအိမ်ကထွက်သွားသဖြင့် စိတ်ထိခိုက်ပြီး ဖွားဖွားသာဆေးရုံမတင်ရကြည့်... သူမလည်း အခုထက်ထိ အိမ်ပြန်လာဖြစ်လိမ့်မည်မဟုတ်။

"ညည်းစိတ်ကြိုက်လုပ်ပြီးတော့ အိမ်ပြန် လာပြီပေါ့ ဟုတ်လား? ဘာလဲ ညည်းပိုက်ဆံကုန်လို့ ပြန်လာတာမဟုတ်လား?"

မေမေ့ရဲ့ စူးရှရှ ဆူပွသံဖုန်းထဲမှ ထွက်လာသဖြင့် ဖုန်းကိုနားနဲ့ ခပ်လှမ်းလှမ်းသို့ အမြန်ခွာလိုက်ရသေးသည် ။ ပြီးမှ ...

“မေမေရယ်… စိတ်လျှော့ပါ။ နောက်ပြီး သမီးပြန်လာရင် ဆူပါနော်။ အခုတော့ ဖုန်းထဲမှာ မဆူပါနဲ့ ဦး… နောက်ထပ် နှစ်နာရီပဲစောင့်။ ပြန်ရောက်ပြီ”

တတ်နိုင်သရွေ့ လေသံပျော့ပျော့နဲ့ ပြောလိုက်ရပါသည် ။ မပြောလို့လည်း မရ။ ကိုယ်ကမှားထားတာကိုး။

“ဘယ်မှ သဝေမထိုးနဲ့ တော့နော်။ ရန်ကုန်ကိုလည်း မပတ်နဲ့ ဦး။ အိမ်ကိုတန်းပြန်ခဲ့။ တက္ကစီ ငှားပြီးပြန်ခဲ့။ ကြားလား?”

“တက္ကစီ ခက ဈေးကြီးတယ် မေမေရဲ့ ။ သမီးမှာ ငွေကပြတ်နေပြီ။ အိမ်ကိုရောက်ရင် တက္ကစီ ဖိုးကို မေမေပေးမှာ လား?”

“နင်သေလိုက်စမ်း စုပုံချစ်။ နင့်ကိုငါတစ်ပြားမှ တောင်မပေးဘူး။ နင့်ဘာသာရှာပြီးပေး။ အေး… ငါပေးရမယ် ဆိုရင်တော့ အဲ့ဒီတက္ကစီ သမားကိုရော… နင့်ကိုပါ တံမြက်စည်းတစ်ချောင်း ကျိုးအောင်ရိုက်မှာနော်… ဒါပဲ…”

မေမေ ဒေါသနဲ့ အတူ ဆူဆောင့်အောင့်ပြီး ဖုန်းချသွားပေပြီ။

ဖုန်းလေးကိုကြည့်ပြီး အိမ်ပြန်ရောက်ရင်တော့ စစ်ပွဲမပြီးနိုင်သေးမှန်း ရိပ်စားလိုက်မိသည် ။

တကယ်တော့ တက္ကစီငှားဖို့ ငွေအလုံအလောက်ရှိရဲ့ သားနဲ့ အမေ့ဒေါသ ဘယ်လောက်ရှိနေသေးလဲဆိုတာ သိချင်လို့ သူမ စကားအောက်(out) လိုက် ခြင်းသာ ဖြစ်၏။ ဒီအတိုင်း ဆိုရင်တော့ ထင်သလောက် အဆင်ချောမယ်မထင်။

ဖွားဖွားကလည်း ဆေးရုံရောက်နေတာဆိုတော့… မေမေ့ဒေါသကို ထိန်းပေးမယ့်သူ မရှိသဖြင့် သူမ နားစားခံရဦးမည်ဖြစ်သည် ။

“အ!”

“အမယ်လေးတော့…”

ကိုယ့်အတွေးနဲ့ ကိုယ်… တက္ကစီငှားဖို့ လှည့်အထွက် အရှိန်နဲ့ ဖြတ်ဝင်လာတဲ့ လူတစ်ယောက်နဲ့ တိုက်လိုက်မိသဖြင့် သူမ လူပုံအလယ်မှာ ပုံပျက် ပန်းပျက် ပြုတ်ကျသွားရတဲ့ အပြင် သူမ မ,ထားတဲ့ ခရီးဆောင်အိတ်လည်း လက်ထဲမှ လွတ်ကျကာ ဇစ်ပွင့်သွားပြီး အဝတ်အစားတွေလည်း ပုံ့ကျဲ ကုန်ရ၏။

“ဟာ…”

“အို…”

“ဟား… ဟား… ဟား…”

ပုံပျက်ပန်းပျက် လဲကျသွားတဲ့ သူမကိုကြည့်ပြီး ရယ်သူရယ်၊ လန့်သူလန့်၊ သနားသူ သနားနဲ့ ။

သူမ ရှက်လွန်းလို့ မျက်နှာဘယ်ထားရမှန်း မသိ။ အဲဒါကြောင့် ဝုန်းခနဲထွက်လာတဲ့ ဒေါသက ကိုယ့်ကိုဝင်တိုက်တဲ့ လူပေါ်ကို ပုံကျသွားပြီး အဲဒီလူ ကို မုန်းတီးစွာမော့ကြည့်လိုက်တော့…

“ဒီမှာ … မင်းလူကိုတောင်မမြင်ဘူးလား?”

ဆိုပြီး အဲဒီလူက ဆီးဟောက်တယ်လေ။

ကြည့်လိုက်တော့ ကားပေါ်မှာ အိတ်ကို အသည်းအသန်ဆွဲထုတ်တဲ့ လူ့ခွစာ။

သူလည်း ဝင်တိုက်သေး၊ ပြုတ်ကျသွားတဲ့ သူမကို ထူပေးမယ်မရှိဘူး ။ သူကပဲ ဆီးဟောက်သေး။

သူတိုက်လို့ လဲကျသွားတဲ့ သူမကတောင် ပြောစရာမစကားမရှိတော့သလိုလို၊ ပါးစပ်အဟောင်းသားဖြစ်သွားရ၏။

“ဒီမှာ ... ဝင်တိုက်ချင်တိုင်းတိုက်ပြီး ပုံပျက်ပန်းပျက်လဲကျနေတာ မင်း မရှက်ပေမဲ့ ငါရှက်တယ်ကွ။ ကြည့်စမ်း... အခု လူတွေအကုန်လုံးဝိုင်းရယ်နေပြီ... ဘယ်လောက်ရှက်ဖို့ ကောင်းလိုက်သလဲ?...”

အတိုက်ခံရတဲ့ သူမက ဘာဆိုဘာမှ တောင်မပြောရသေးတာပါ။ ဒါကိုပဲ သူက စပ်စပ်ထိမခံ ယောကျ်ားကြီးတန်မဲ့ဆီးဟောက်နေသေးတယ်ဆို တော့ စုပုံချစ်အကြောင်း သိသွားအောင်နည်းနည်းတော့ ပြရဦးမှာ ဖြစ်မည်။

ဒါ့ကြောင့် ပဲ လဲကျနေရာကနေ ကမန်းကတန်းထ,ရပ်လိုက်ပြီး

“ဒီမှာ ... ရှင်က ဝင်တိုက်တာလေ...”

“အဲ့ဒါမင်းရှောင်လေ...”

“ရှင်ဖြတ်ဝင်လာတာ ကျွန်မမှ မတွေ့လိုက်တာ။ ဘယ်လိုလုပ်ပြီးရှောင်ရမှာ လဲ”

“အပိုတွေမပြောနဲ့ ။ ငါနဲ့ ဇာတ်လမ်းလုပ်ချင်လို့ အခုလို ဝင်တိုက်ခံလိုက်တာမို့လား?”

“ဘာ...”

သူမ ဒေါသတကြီးနဲ့ သူ့ကို အော်ဟစ်လိုက်မိသည် ။

“ဟုတ်တယ်လေ။ ငါကချောလို့ မင်းက ငါနဲ့ ဇာတ်လမ်းလုပ်ချင်လားလို့ သက်ညှာသောအားဖြင့် မေးတာ။ အမှန်အတိုင်းဖြေ။ မလိမ်နဲ့ ...”

သူခိုးက လူပြန်ဟစ်တဲ့ သူ့စကားကြောင့် သူမ ဘာပြန်ပြောရမှန်း မ

သိဖြစ်သွားရ၏။ ဒေါသကတော့ ငယ်ထိပ်ထက်ကိုတက်နေပြီဖြစ်ပေမဲ့ အဲဒီလူကို ဆွဲကုတ်ပစ်ချင်တာပဲ သိတော့သည် ။

ဒါပေမဲ့ သူ့စကားကြောင့် တော့ ကားဂိတ်တွင်းမှာ ရှိနေတဲ့ လူများ ထပ်မံ ပွဲကျသွားရတော့၏။

"ဟား... ဟား... ဟား..."

ဒါ သူမကို သူ တမင်းသက်သက် အရှက်ခွဲနေတာ၊ သိက္ခာချနေတာ လို့ ပဲ သတ်မှတ်မိပါသည် ။

"ရှင်နော်... မမိုက်ရိုင်းနဲ့ ..."

ရှက်ဒေါသစိတ်ကြောင့် သူမ မျက်ရည်ဝေ့လုလုပင်။

သူ့ကို လက်ညိုးထိုးပြီး ဒေါသတကြီးပြောလိုက်တော့ သူ ငေါင်သွားပြီး သူမကို အကဲခတ်သလို တစ်ချက်ကြည့်၏။ ပြီးမှ မျက်လုံး မှေးမှေးနဲ့ လူကို မယုံသင်္ကာကြည့်ကာ

"အော်... ဟုတ်ပြီ။ မင်းက ငါ့ကိုကြိုက်လို့ ဝင်တိုက်တာ မဟုတ်ဘူး ဆိုရင်တော့ မင်း ခါးပိုက်နှိုက်ပဲဖြစ်ရမယ်..."

သူ့အတွေးနဲ့ သူ သူမကို ဝေဖန်လိုက်တဲ့ စကားကြောင့် ကားဂိတ်ထဲ ကလူများ လည်း အံ့ဩတကြီးဖြစ်သွားကြပြီး သူမကို ကဲ့ရဲ့ သလို ဝိုင်းကြည့်ကြ ပါလေတော့သည် ။ ရုပ်လေးသနားကမားနဲ့ မထင်ရဘူး ဆိုတဲ့ အကြည့်နဲ့ လည်း ကြည့်ကြပါသေးသည် ။

သူ့ကြောင့် သူမမှာ အရှက်ကွဲပြီးကွဲ၊ သိက္ခာကျပြီးရင်းကျ။

"ဒီမှာ ... ရှင်ဘာတွေလျှောက်ပြောနေတာလဲ? ဟိုမှာ လူတွေတစ်မျိုး ထင်ကုန်ပြီ..."

"မထင်ပါဘူးကွာ။ ကိုယ့်သဘောကိုယ်ဆောင်တဲ့ ကိစ္စ။ ဒါပေမဲ့ မင်း ကိုကြည့်ရတာ ခါးပိုက်နှိုက်တော့ဖြစ်ဟန်မတူပါဘူး။ ဒါဆို မင်းဘာဖြစ် လို့ ငါ့ဝင်တိုက်တာကို မရှောင်တာလဲ?"

သူက လူတွေသူမအပေါ် ဘယ်လိုပဲ ထင်မြင်ပါစေ၊ မမှုတဲ့ ပုံစံမျိုး။

"ရှင့်ကို ကျွန်မမှ မမြင်တာကို"

ထိုစဉ် လူအများ နဲ့ အတူဝိုင်းကြည့်နေတဲ့ ကားဒရိုင်ဘာဆီသို့ သူ့စပ ယ်ယာလေးရောက် လာပြီး

"ဆရာ... အလှည့်ကျပြီ။ ကားထွက်ရမယ်လေ"

"ခဏကွာ။ ဒီမှာ ပွဲက မပြီးသေးဘူး..."

စပယ်ယာလေးလှမ်းခေါ်တာတောင် အရှိန်တက်နေတဲ့ ဒရိုင်ဘာကြီး က သူမတို့ ပွဲကို ဆက်ကြည့်ချင်နေတုန်း။ ဒါကိုပဲ သူက ဒရိုင်ဘာကြီးကို စိတ်ပျက်လက်ပျက်နဲ့ လှမ်းပြီး...

"ဒီမှာ ခင်ဗျားသွားတော့လေ။ တော်ကြာ ကားအချိန်တွေနောက်ကျ ဦးမယ်။ ကျွန်တော်တို့ က ဒီလိုပဲ ရန်ဖြစ်နေကျဗျ..."

လို့ ပြောလိုက်၏။ ဒီတော့ ဒရိုင်ဘာကြီးအပါအဝင် ကားဂိတ်ထဲက လူတွေက သူနဲ့ သူမကို အဓိပ္ပါယ်တစ်မျိုးသက်ရောက်တဲ့ အကြည့်တွေနဲ့ ကြည့် ကြပါတော့သည် ။ ပြီးတော့ ပြုံးတဲ့ လူက ပြုံးသွားကြသည် ။

သူ့စကားက ဘယ်လိုအဓိပ္ပါယ် သက်ရောက်သွားသလဲ?

"ဘာ... ဘာရန်ဖြစ်နေကျလဲ... ရှင်စကားပြောရင် ထိန်းပြောနော်"

"အဲ့လိုပြောမှ သူသွားမှာ လေ။ ဘာလဲ မင်းချစ်သူက စိုက်ကြည့်နေ တာကို ကျေနပ်နေလို့ လား?"

သူ စောင့်အောင့်ပြောလိုက်ကာမှ ကားဒရိုင်ဘာကြီးလည်း ထွက်သွားလေသည် ။

ဟုတ်လည်း ဟုတ်၏။ သူ မပြောမချင်း ဒရိုင်ဘာကြီး ထိုနားက ထွက်သွားမယ်မထင်။

ထိုအခါမှ သူမလည်း အိမ်ပြန်ရဦးမယ်ဆိုတာ သတိဝင်သွားပြီ ပုံ့ကျဲနေတဲ့ အဝတ်တွေကို တစ်ခုချင်းစီ လိုက်ကောက်ပြီး အိတ်ထဲပြန်ထည့်ရပါ တော့သည် ။

ဒါကိုသူက ဝိုင်းကူပေး၏။ ပြီးတော့ သူမ မပိတ်နိုင်တဲ့ အိတ်ရဲ့ ဇစ်ကို သူကပဲ အားကျိုးမာန်တက်ပိတ်ပေးသည် ။

“ဘယ်သွားမှာ လဲ… လိုက်ပို့ပေးမယ်”

“မလိုပါဘူး… အိတ်ကို အဝ,ထိသာ လိုက်မ,ပို့ပေး”

ကြည့်မရတာမို့ စကားကို အပေါက်လမ်းတည့်အောင်မပြောချင်။

ကားဂိတ်ဝအထိ သူက အိတ်ကို မ,ပြီးလိုက်ပို့ပေးပါသည် ။

“မင်းအိတ်ကလည်း လေးလိုက်တာကွာ။ ဘာတွေခိုးပြီးထည့်ထားလဲ မသိဘူး…”

ကားဂိတ်ဝရောက်တော့ အိတ်ကို စောင့်အောင့်ကာချလိုက်ရင်း သူကတီးတိုးရေရွတ်တာကို သူမ ကြားဖြစ်အောင်ကြားမိတော့…

“ဒီမှာ … ရှင်ဘာပြောလိုက်တယ်”

“မင်းကကြားချင်တာလား?”

“ပြောစမ်းပါ…”

“ဘာတွေခိုးပြီးထည့်ထားတာလဲ မသိဘူးလို့ ပြောလိုက်တာလေ။ အဲ့

ဒါဘာဖြစ်လဲ?"

"ရှင်နော်... လူကို တစ်မျိုးပြီး တစ်မျိုးမစွပ်စွဲနဲ့ ..."

သူမ စိတ်ပျက်စွာ သူ့ကိုပြောပြီး မျက်စောင်းထိုးလိုက်သော် သူက ရ တ်တရက် လက်ခုပ်လက်ဝါးတီးကာ အော်ရယ်လေတော့သည် ။

"ဟား... ဟား... ဟား..."

သူ့လုပ်ရပ်ကြောင့် သူမပင် ကြောင်တောင်တောင်ဖြစ်သွားရပါသည် ။

"ရှင်ဘာရယ်တာလဲ?"

"ငါက နောက်တာလေ။ အဲ့ဒါကို မင်းကစိတ်ဆိုးတယ် ဆိုရင်တော့ မ င်းကိုယ်မင်း သူခိုးဆိုတာ ဝန်ခံလိုက်သလိုဖြစ်နေတော့မှာ ပေါ့။ အဲ့ဒါကြောင့် ငါရယ်တာပါကွာ။ သူခိုးကိုမှ သူခိုးဆိုပြီး နောက်ပြောင်မိ တော့ မလုံတဲ့ အိုးပွင့်သွားတာပေါ့..."

"လူယုတ်မာ..."

သူ့လိုလူ့ကန့်လန့်နဲ့ စကားဆက်မပြောချင်တော့တာမို့ သူ့လက်ထဲက အိတ်ကိုဆွဲယူပြီး ဂိတ်ထဲကထွက်ခဲ့လိုက်ပါသည် ။

"နေဦး။ ငါ့ ပိုက်ဆံအိတ်ကို ငါစစ်ဦးမယ်။ ဒါမှ ပါမပါသိရမှာ ..."

လှည့်ထွက်လာတဲ့ သူမနောက်မှာ ကျန်ခဲ့တဲ့ သူ့ဆီက စကားတချို့ကြားလိုက်ရသဖြင့် လူက ဒေါသထွက်သွားပေမဲ့ ဒီလိုလူနဲ့ ဘယ်သူက စကား နိုင်လုပြီး စကားပြောချင်တော့မှာ လဲ။ အဲဒါကြောင့် တက္ကစီငှားဖို့ တက္ကစီဂိတ်ဆီသို့ ထွက်ခဲ့လိုက်တော့သည် ။

"ကလေးမ... ဘယ်လဲ... ကားငှားမလို့ လား?"

တက္ကစီ ဂိတ်တွင် သူမ ရပ်လိုက်သည် နှင့် ကားသမားတစ်ယောက်က သူမထံသို့ပြေးလာရင်းမေးလေသည် ။

"ဟုတ်ကဲ့… ကားငှားမလို့ ပါ…"

"ဘယ်ကိုလဲ?"

"ပဲခူးကိုပါ…"

"တစ်ယောက်တည်းလား?"

"ဟုတ်ကဲ့…တစ်ယောက်တည်းပဲ ဦးလေး။ ဘယ်လောက်လဲ?"

"သုံးသောင်းခွဲတော့ပေး…"

"လျော့ပါဦး… ဦးလေးရယ်…"

"ဈေးမှန်ပါပဲ တူမရယ်။ အိမ်ရှေ့အထိ လိုက်ပို့ပေးမှာ လေ…"

သူမတွင် လက်ကျန်ငွေက သုံးသောင်းစွန်းစွန်းပဲကျန်တော့၏။ အိမ်ရောက်မှ လိုတဲ့ ငွေကို အမေ့ဆီကလည်း တောင်းလို့ မဖြစ်။

အမေက စကားအကုန်ပြောထားပြီးသားလေ။ တော်ကြာ သူမကြောင့် တက္ကစီဒရိုင်ဘာကြီး တံမျက်စည်းနဲ့ အရိုက်ခံရမှ အားနာစရာတွေဖြစ်ကုန် မည်။

ဘာပဲဖြစ်ဖြစ် နောက်ကြောင်းအေးအောင် ပါတဲ့ ငွေနဲ့ ကိုက်ပြီး ဈေးဆစ်ဖို့ ပဲ ဆုံးဖြတ်လိုက်ရသည် ။

"ဦးလေး… သမီးမှာ သုံးသောင်းစွန်းစွန်းပဲကျန်တော့တယ်။ အဲ့ဒါကြောင့် သုံးသောင်း နှစ်ထောင်တော့ထားလိုက်နော်…"

"သုံးသောင်းသုံးထောင်တော့ပေး…"

"မလုပ်ပါနဲ့ ဦးလေးရယ်။ သုံးဆယ့်နှစ်ပဲ ထားလိုက်ပါ။ နောက်ပြီး ဘယ်လောက်မှ လည်း ကြာမှာ မှ မဟုတ်တာ... နော်..."

စကားအပြတ်ပြောလိုက်သဖြင့် ဒရိုင်ဘာကြီး စဉ်းစားသွားရသည် ။ နောက်တော့ သိပ်မကျေမနပ်နဲ့ ပဲ ခေါင်းကုတ်ရင်း ခေါင်းညိတ်ပါ၏။

"ကဲပါ... သွားမယ်... သုံးသောင်းနှစ်ထောင်ပေ့ါ"

ဈေးဆစ်ရတာ အဆင်ပြေသွားပြီဖြစ်သဖြင့် အတော်ပဲ ကျေနပ်မိသွားသည် ။

နောက် ၂နာရီဆိုရင် အိမ်ရောက်ပြီ။ ဖွားဖွားနဲ့ တွေ့ရတော့မည်။

ဒါ့ကြောင့် သွက်သွက်လက်လက်နဲ့ ပဲ ခရီးဆောင်အိတ်ကြီးကို ကား နောက်ခန်းသို့ မ,တင်လိုက်မိပါသည် ။

"ရပြီ ဦးလေး"

သူမ အချက်ပေးလိုက်တော့ ကားဒရိုင်ဘာကြီးလည်း ကားကို စက်နှိုးလေတော့သည် ။

ဒါပေမဲ့ ကားက ချက်ချင်းထွက်လို့ မရ။ သူမ စီးတဲ့ တက္ကစီရဲ့ ဘေး တွင် ကားတစ်စီးလာရပ်နေသောကြောင့် ဖြစ်သည် ။

ရှေ့မှာ လည်း လမ်းမပိတ်ပဲ ဘေးချင်းယှဉ်လာရပ်နေတဲ့ ကားသမား ကို သူမ စိတ်ပျက်စွာလှမ်းကြည့်လိုက်တော့...

"ဗုဒ္ဓေါ"

ဟို ကားဂိတ်ထဲမှ ဝင်တိုက်ခဲ့မိတဲ့ လူ့ခွစာ။

သူက စပ်ဖြီးဖြီးနဲ့ ပြုံးပြပြီး သူမကို လက်ပြနေသေးသည် ။ ဒါကိုပဲ သူမ မမြင်ချင်ဟန်ဆောင်ကာ မျက်လုံးလွှဲချလိုက်မိပါ၏။

“ငါ့တူ… ထွက်မယ်ဆိုလည်း ထွက်ကွာ။ ကားက အရှင်းကြီးကို”

ဒရိုင်ဘာကြီးလည်း မဆီမဆိုင်ရပ်နေတဲ့ သူ့ကို စိတ်မရှည်ပဲလှမ်းပြောတော့ သူက ဒရိုင်ဘာကြီးကို ခေါင်းငုံ့ရင်းလှမ်းကြည့်ပြန်သည် ။

“ထွက်မှာ ပါဗျ။ အေးဆေးပေ့ါ။ ဘာလဲ အော်ဒါပါလို့ လား”

“အင်း… ဟုတ်တယ်ကွ”

“ဘယ်ကိုလဲဗျ”

“ပဲခူးကို…”

“တယ်ဟုတ်ပါလား။ ခိုင်သွားပြီပေ့ါ။ ဘယ်လောက်နဲ့ လဲ ဆရာကြီး”

“သုံးသောင်းနှစ်ထောင်နဲ့ ကွဲ့…”

“နည်းလိုက်တာဗျာ…”

သူများ စစ်ထားတဲ့ ဈေးကို သူက မဲ့ရွဲ့ပြီး ကဲ့ရဲ့ တော့ ဒရိုင်ဘာကြီး က ဘက်မှန်မှ တဆင့် သူမကိုလှမ်းကြည့်တော့သည် ။ တွေ့လား သူများ တွေ တောင် ဈေးနည်းတာကို ပြောကုန်ပြီဆိုတဲ့ အကြည့်မျိုး။

ကိုယ့်လမ်းကိုယ်မသွားပဲ မဆီမဆိုင် သူများကိစ္စမှာ ဝင်ပါနေတဲ့ သူ ကို သူမ ဘယ်လိုလုပ်ပြီး သီးခံနိုင်တော့မှာ တဲ့ လဲ။

“ဒီမှာ ဈေးက နည်းနည်း… များများ … ရှင်နဲ့ ဘာဆိုင်လဲ?”

“မင်းကလည်း စွာလိုက်တာကွာ။ နည်းလို့ နည်းတယ်ပြောတာပါ။ ကဲပါ… ဆရာကြီးကိုက်တယ်ဆိုရင်လည်း လိုက်ပေ့ါ။ ကျွန်တော်သာ ဆို ရင်တော့ လုံးဝပဲ။ နောက်ပြီး လက်ငင်းမှန်းမသိ၊ အကြွေးမှန်းမသိ…”

ပြောပြီး မဲ့ကာရွဲ့ကာနဲ့ သူမကို တက်ချက်လှမ်းရှိုးပြီး ပြုံးသွားသေး

သည် ။ ပြီးတော့ ကားမောင်းထွက်သွားပါသည် ။

သူထွက်သွားမှ ပဲ သူမ အသက်ဝဝရှူရဲတော့၏။ သူ့စကားကြောင့် ကားသမားကြီး စိတ်ပြောင်းသွားမှ အခက်။

သူ့ကားထွက်သွားတော့ ကားသမားကြီးလည်း ကားကို လမ်းပေါ်ခေါင်းတင်ပြီးမောင်းထွက်လာသည် ။

ဒါပေမဲ့ ကားဝင်းရဲ့ အရှေ့နားမှာ ရှိတဲ့ ဓါတ်ဆီဆိုင်ရှေ့ရောက်တော့ ကားသမားကြီးက ကားကို ရပ်လိုက်ပြန်သည် ။ ထို့ကြောင့် သူမ ရင်ထဲ ထိတ် သွားပြီးကားသမားကြီးလှမ်းကြည့်လိုက်မိသည် ။

“ဘာဖြစ်လို့ လဲ ဦးလေး”

“ကားက ဆီနည်းနေပြီလေကွယ်။ အဲဒါကြောင့် ဆီဝယ်ထည့်ချင်လို့ ။ ဦးလေးက အခုမှ ဈေးဦးပေါက်တာဆိုတော့ ဦးလေးကို ငါးထောင်လောက်အရင်ပေးနော်… ဆီဝယ်ထည့်ချင်လို့ …”

သူမ ခေါင်းဆတ်ပြီး ခရီးဆောင်အိတ်ထဲက ပိုက်ဆံအိတ်ကို ထုတ်ဖို့ ပြင်တော့…

“ဘုရားရေ…”

ပိုက်ဆံအိတ်က ထည့်ထားတဲ့ နေရာမှ မရှိတော့။

လူက ပျာယာခတ်သွားကာ နေရာအထားမှားတာလားလို့ တွေးပြီး ခရီးဆောင်အိတ်အနှံ့လိုက်ရှာကြည့်မိသည် ။

သို့သော်… လုံးဝ မတွေ့။

လူက ခေါင်းနပန်းကြီးသွားရ၏။

“ဘယ်ရောက်သွားပါလိမ့်… ဒုက္ခပါပဲ…”

တွေ့လိုတွေငှားလိုက်ရှာသော်လည်း လုံးဝ မတွေ့တော့။

"ကလေးမ... ပိုက်ဆံပေးမယ်ဆို..."

ကားသမားကြီးက ငွေကိုထပ်တောင်းတော့ ဘာဆက်လုပ်လို့ လုပ်ရမှန်းကို မသိတော့။ ငွေမရှိပဲ ဒီလူကြီးက သူမကို အိမ်ဘယ်ပို့ပေးတော့မှာ လဲ။ အိမ်ရောက်လို့ အမေ့ဆီကလည်း ငွေတောင်းလို့ မရ။

"ကလေးမ...ပိုက်ဆံ..."

"ဦးလေး... ပိုက်ဆံအိတ်ပျောက်သွားပြီ..."

မျက်နှာငယ် ငိုမဲ့မဲ့ဖြင့်ပြောလိုက်တော့ ကားသမားကြီး စိတ်ရှုတ်စွာ ခေါင်းကုတ်လေသည် ။

"အဲ့ဒီတော့..."

"ပိုက်ဆံမရှိတော့ဘူး ဦးလေး..."

"ဒါဆို ဘယ်လိုလုပ်ပြီး ကားခပေးမှာ လဲ?"

ကားဆရာကြီး မျက်နှာက သိသိသာသာခက်ထန် လာလေပြီ။

"မသိတော့ဘူး... ဦးလေးရယ်..."

"ဒါဆို မင်းက အိမ်ရောက်ရင်ပေးမှာ ပေါ့"

"အိမ်ကနေလည်း တောင်းလို့ မရဘူး ဦးလေးရဲ့ "

"ဒါဆို ညည်းက ကျုပ်ကို ကားခဘယ်လိုပေးမှာ လဲ"

"ဟို... နောက်နေ့ဖုန်းဆက်ပြီး..."

"တော်စမ်းပါ။ သွား... ကားပေါ်က ဆင်းတော့။ ငါ့မှာ အချိန်မရှိဘူး။

အခုထက်ထိ ဈေးဦးမပေါက်သေးဘူးဆိုမှ ”

“ဦးလေးကလည်း နောက်နေ့ပေးမှာ ပါဆိုမှ ”

“အေး… ငါကလည်း ညည်းကိုကားပေါ်က ဆင်းပါဆိုမှ … ပြောတုန်းမဆင်းရင် ငါ ဆွဲချမှာ နော်”

ဦးလေးကြီး ဒေါသထွက်ပြီး ရှူးရှူးရှဲရှဲဖြစ် လာပြီ။

တောင်းပန်လို့ မရဘူးဆိုတာ ရိပ်မိလိုက်သဖြင့် သူမ ကားပေါ်မှ အောင့်သက်သက်ဖြင့်ဆင်းလိုက်ရပါတော့သည် ။

သူမလည်း ကားပေါ်ကဆင်းရော… ကားသမားကြီးကားကို ဝူးခနဲ ဆောင့်ထွက်သွားတော့၏။

သူမ လမ်းဘေးမှာ အိတ်တစ်လုံးနဲ့ ။ ငွေဆိုလို့ ဘောင်းဘီနောက်အိတ်ထဲမှာ ကျန်နေတဲ့ တစ်ထောင်တန်နဲ့ အကြွေနည်းနည်းသာရှိတော့သည် ။

ဘာဆက်လုပ်ရမှန်းကို မသိတော့။

နောက်ဆုံး အမေ့ဆီမှာ ပဲ အသနားခံဖို့ ဆုံးဖြတ်ပြီး သူမ မေမေ့ဆီသို့ ဖုန်းခေါ်လိုက်တော့…

“လူကြီးမင်းဖုန်းတွင် လက်ကျန်ငွေက အခုဖုန်းခေါ်ဆိုမှုအတွက် မလုံလောက်တော့ပါသဖြင့်…”

ဆိုတဲ့ ကျက်သရေတုန်းလှတဲ့ စကားသံထွက်ပေါ်လာသဖြင့် စိတ်ပျက်စွာ ဖုန်းကို ပိတ်လိုက်ရသည် ။

တကယ်ပဲ အကျပ်အတည်းထဲကိုရောက်မှန်း မသိရောက်လာခဲ့ရပါတော့သည် ။

ပိုက်ဆံအိတ်က ဘယ်ကနေဘယ်လို ပျောက်သွားရတာပါလိမ့်။ သူမ ပြန်စဉ်းစားကြည့်သော်လည်း စဉ်းစားလို့ မရတော့။

"ဟိတ်... အကူအညီလိုလား?"

ရုတ်တရက် ကြားလိုက်ရတဲ့ အသံလာရာသို့ လှည့်ကြည့်လိုက်တော့ ကားဂိတ်မှာ ဝင်တိုက်မိတဲ့ လူ့ခွစာ။

သူမ စိတ်ပျက်ပျက်ဖြင့် ခေါင်းကုတ်လိုက်မိသည် ။

"သွားနော်... လူက ညစ်နေတာ။ ပြဿနာ မဖြစ်ချင်ဘူး"

"အော်ကွာ... မင်းကလည်း အကောင်းမြင်စမ်းပါ။ မင်းပုံစံက အခက်တွေ့နေတဲ့ ပုံစံမို့ ငါကလှမ်းမေးလိုက်တာပါကွ"

"မလိုဘူး... ကိုယ့်လမ်းကိုယ်သွား"

သူမ စိတ်ပျက်စွာဖြင့် သူ့ကို မျက်စောင်းထိုးပစ်လိုက်ပါသည် ။

ဒါကိုပဲ သူက မနာတဲ့ အပြင် ပြုံးလိုက်သေး၏။

"ဘာလဲ မင်းဖုန်းထဲမှာ ငွေမရှိတော့လို့ လား?"

"ရှင်နဲ့ မဆိုင်ရင် ဝင်မပါနဲ့ လို့ ပြောပြီးပြီနော်..."

"ရော... ခက်ပါလား။ မင်းကိုငါက ကူညီပေးမလို့ လေ။ မင်းက ဘာဖြစ်နေတာလဲ? ကဲ...ပြော။ မင်းဖုန်းက ဆက်လို့ မရဘူးလား?"

မေးရင်းနဲ့ သူက သူမဆီသို့ ကားပေါ်မှ ဆင်းလာပါသည် ။

ပြီးတော့ သူမကို အကဲခတ်ပြီး ပြုံးစေ့စေ့ဖြင့်...

"ငါမှန်းတာ မှန်နေပါပြီ... ဟုတ်တယ်မို့လား"

သူပြောတာမှန်နေသဖြင့် သူမ ဘာမှ မတုန့်ပြန်တော့။ ဒီတော့ သူက

သူ့ဘောင်းဘီအိတ်ထဲမှ ဟန်းဖုန်းကိုထုတ်ပြီး သူမဆီ ကမ်းပေးပါသည် ။

"ငါ့ဖုန်းနဲ့ ဆက်လိုက်... ရော့"

ကမ်းပေးတဲ့ ဖုန်းကို သူမ ယူတော့မယူချင်။ ဒါပေမဲ့ မယူလို့ လည်း မဖြစ်။ လမ်းဘေး ပီစီအိုဖုန်းဆိုင်ကို သွားမယ်ဆိုလည်း အဲဒီဖုန်းဆိုင် ဘယ်မှာ ရှိ မှန်း သူမ မသိ။ ဒီတော့ အမြင်ကပ်နေတဲ့ သူ့ဖုန်းနဲ့ ပဲ မေမေ့ဆီ လှမ်းဆက်ဖို့ ဆုံးဖြတ်လိုက်ရသည် ။

သူ့အကူညီကိုတော့ လုံးဝ မယူချင်ပါ။

"ကျေးဇူးပဲ..."

အောင့်သက်သက်နဲ့ ကျေးဇူးတင်စကားပြောပြီး သူ့ဖုန်းကိုလှမ်းယူကာ မေမေ့ဆီဖုန်းခေါ်ဖို့ ဖုန်းကိုဖွင့်လိုက်တော့ သူ့ဖုန်းက ပါဝါတောင်နိုးမလာ။

"ရှင့်ဖုန်းက ပါဝါလည်း မပွင့်ပါလား"

"ဘယ်ပွင့်မလဲ... ငါ့ဖုန်းက ဘက်ထရီကုန်နေတယ်လေ..."

ပြီတီတီပြုံးရင်းပြောလိုက်တဲ့ သူ့ကို သူမ စိတ်ပျက်စွာကြည့်ပစ်လိုက်မိသည် ။

"ဘက်ထရီကုန်နေတယ်ဆိုရင်လည်း ဘာလို့ ရှင့်ဖုန်းနဲ့ ဆက်ခိုင်းနေသေးလဲ?"

"ငါ့ဖုန်းက ဂျီကွ။ နေရာတိုင်းဆက်လို့ ရလို့ မင်းကိုစေတနာနဲ့ ပေးဆက်တာ..."

"ဒါပေမဲ့ ဆက်မလို့ မှ မရတာ..."

"အဲ့ဒါတော့ မတတ်နိုင်ဘူးလေကွာ။ ကဲ... ငါလည်း သွားစရာရှိလို့

သွားလိုက်ဦးမယ်...”

သူမဆီက ဖုန်းကို ဆတ်ခနဲပြန်ယူပြီး သူကားပေါ်ပြန်တက်သွားပါသည် ။

အကူညီမရတဲ့ အပြင် စိတ်ဒုက္ခလာပေးနေတဲ့ သူ့ကို သူမ မျက်စောင်းလှမ်းထိုးလိုက်မိ၏။

သူကတော့ ကားကိုမောင်းထွက်သွားပြီဖြစ်သည် ။

သူမ လက်ကနာရီကိုကြည့်လိုက်တော့ လေးနာရီထိုးလုပြီ။ မကြာခင် မိုးချုပ်တော့မည်။ ရန်ကုန်က သူငယ်ချင်းတစ်ယောက်ယောက်ဆီမှာ အကူညီတောင်းလို့ ရပေမဲ့ ဆက်သွယ်ဖို့ ဖုန်းကလိုနေသေးသည် ။

ဖုန်းကတ်ဝယ်ဖို့ ငွေလည်း မရှိတော့သလို၊ အဲဒီငွေဖြည့်ကတ်ကို ဒီအနီးနား ဘယ်မှာ ဝယ်ရမှန်းလည်း မသိ။

စိတ်ပျက်ပျက်နဲ့ ခရီးဆောင်အိတ်ပေါ်တွင် ထိုင်ချလိုက်မိသည် ။

ပတ်ဝန်းကျင်ကို အကူညီရလိုရငြားလှမ်းကြည့်လိုက်တော့လည်း ကိုယ်နဲ့ သိတဲ့ လူတစ်ယောက်ကိုမှ မမြင်။

ထိုစဉ် ဟိုလူခွစာရဲ့ ကားက သူမရပ်နေတဲ့ ဖက်သို့ ကွေ့ကာပြန်မောင်းလာတာကိုတွေ့လိုက်ရသည် ။ ဘယ်ဘဝက ရေစက်မှန်းကိုမသိ။

အဲဒီလူကို သူမ စ,တွေ့ကတည်းက တော်တော်လေးကို မျက်မုန်းကြိုးခဲ့မိတာဖြစ်သည် ။

ထိုစဉ်မှာ ပဲ သူ့ကားက သူမအနီးတွင် ထိုးရပ်လိုက်ပါသည် ။ အဲဒါကြောင့် သူနဲ့ စကားမပြောချင်လို့ သူမ တစ်ဖက်ကို မျက်နှာလွှဲထားလိုက်တော့ သူက ကားဟွန်းတီးပြီးလှမ်းခေါ်ပြန်သည် ။

“တီ… တီ… တီ…”

“ဟိတ်… မင်းပိုက်ဆံအိတ်က ဘယ်လိုလုပ်ပျောက်သွားတာလဲကွ…
”

သူမ လှည့်မကြည့်။ သို့သော် သူကလည်း လက်မလျှော့။

“ဟိတ်… မေးနေတယ်လေကွာ”

သူမ စိတ်ပျက်စွာဖြင့် သူ့ကိုလှည့်ကြည့်ဖြစ်သွားသည် ။ မဖြေရင်လည်း ကားဟွန်းဆက်တီးနေမှာ စိုးလို့ သူမ စိတ်မပါ့တပါနဲ့ ပဲ ဖြေလိုက်ရတော့၏။

“ဘယ်လိုပျောက်ပျောက်…ရှင်နဲ့  မဆိုင်ဘူး…ကိုယ့်လမ်းကိုယ်သွားလို့ မရဘူးလား”

“အကောင်းနဲ့ မေးတာပါကွ။ စေတနာကို မစော်ကားနဲ့ နော်…”

“သွားစမ်းပါ… ရှင့်စေတနာ…”

သူမ သူ့ကို မကျေနပ်စွာ မျက်စောင်းထိုးလိုက်မိပါသည် ။

“ဒါဆို မင်းမှာ ပိုက်ဆံမရှိတော့ဘူးပေါ့”

“ရှင်နဲ့ မဆိုင်ဘူးလို့ ပြောနေတယ်နော်…”

“ပိုက်ဆံမရှိပဲနဲ့ ရန်ကုန်မှာ မင်းဘယ်လိုလုပ် နေမှာ လဲ? နောက်ပြီး ပဲခူးကို မင်းဘယ်လိုလုပ်ပြန်မှာ လဲ?”

“ရှင်ထွက်သွားတော့…”

သူမ ထိုင်ရာမှ ထကာ သူ့ကို ကုန်းအော်လိုက်မိပါသည် ။ ထိုအခါ သူက ခွက်ထိုးခွက်လန် ရယ်မော လိုက်လေတော့၏။

"ဟား… ဟား… ဟား… အသံကလည်း စွာလိုက်တာ။ ငါးစိမ်းသည် ကျနေတာပဲ"

"ရှင်နော်… သေချင်ပြီလား?"

"မင်းကလည်း ကွာ စတာပဲ။ နာတာမှတ်လို့ ။ ကဲပါ… ငါက ပျဉ်ပုံကြီးရွာကိုသွားမှာ ။ ပဲခူးကိုလမ်းကြုံတယ်။ မင်းလိုက်မလား?"

"ရှင့်လိုလူနဲ့ ဘယ်သူက လမ်းကြုံလိုက်မှာ လဲ?"

"ဘယ်သူမှ မလိုက်ရင်လည်း မင်း လိုက်လေ… ငါက ခွေးချစ်တတ်ပါတယ်ကွ"

"ရှင်နော်…"

သူ့စကားများက သူမဒေါသမထွက် ထွက်အောင် ဆွပေးနေသလိုပင် ။

"လိုက်ခဲ့ပါကွာ။ ငါက ပျော်တတ်လို့ နောက်တာပါ… နော်… နောက်ပြီး မင်းမှာ ငွေလည်း မရှိပဲနဲ့ ။ ဘယ်လိုလုပ် ပဲခူးကိုပြန်မှာ လဲ?"

သူပြောတာတော့ ဟုတ်တုတ်တုတ်။

ငွေမရှိပဲ အိမ်ဘယ်လိုပြန်မှာ လဲ။ စိတ်မပေါ့တပါနဲ့ သူ့ကိုလှမ်းပြီးအကဲခတ်လိုက်တော့ သူ့ပုံစံက ပျော်တတ်ပေမဲ့ လူဆိုးတစ်ယောက်ပုံတော့ မဖြစ်နိုင်။ မျက်နှာက ချို့ပြီး ဆွဲဆောင်မှုရှိတဲ့ ယောကျာ်းတစ်ယောက်။

"လိုက်ခဲ့ပါကွာ။ ငါက နောက်တတ်တာကလွဲပြီး လူကောင်းပါကွ။ တကယ်ပါ။ နောက်ပြီး ငါလည်း တစ်ယောက်တည်း မောင်းသွားရမယ့်အတူတူ မင်းနဲ့ သွားတော့ အပျင်းပြေတာပေါ့… ဘယ်လိုလဲ?"

သူပြောတဲ့ အတိုင်း ဆိုရင်တော့ လမ်းကြုံလို့ အဖော်လိုက်တာ

သိပ်ပြီး အပမ်းကြီးမယ့်ပုံမပေါ်။

ဒါပေမဲ့ သူက တကယ့်လူ့ခွစာ။ သူ့လိုလူနဲ့ ဘယ်လိုလုပ်ပြီး ခရီးသွားလို့ ဖြစ်မှာ တဲ့ လဲ။ သို့သော် သူမမှာ လည်း တခြားနည်းလမ်းမရှိ။

အိမ်ကိုလည်း ဒီနေ့မရောက်လို့ မဖြစ်။ ဖွားဖွားက သူမစိတ်နဲ့ ဆေးရုံတောင် တက်နေရပြီမို့လား။

“လိုက်ခဲ့မယ် မဟုတ်လား? နောက်ပြီး ငါက ပဲခူးကိုလည်း ဝင်ဦးမှာ ။ ပြီးမှ ပျဉ်ပုံကြီးကို သွားမှာ လေ။ ဘယ်လိုလဲ။ ငါတို့ အတူ သွားလို့ ရပါတယ်ကွ။ ငါ့အတွက်လည်း ဘာမှ အပမ်းမကြီးလို့ မင်းကိုခေါ်တာနော်… ”

တခြားနည်းလမ်းစဉ်းစားလို့ မရတဲ့ အဆုံး သူနဲ့ ပဲလိုက်သွားဖို့ သူမ ဆုံးဖြတ်လိုက်ရပါသည် ။ ဒါမှ လည်း သူမ ဒီနေ့အိမ်ပြန်ရောက်မှာ ဖြစ်သည် ။

“ဒါနဲ့ … မင်းနာမည်ဘယ်လိုခေါ်လဲ?”

“စုပုံချစ်…”

“ဩော်… ငါ့နာမည်က မင်းမောင်မောင်တဲ့ … မင်း… ငါနဲ့ လိုက်မယ် ဆိုရင်တော့ တော်တော်ပျော်စရာကောင်းမှာ ကွ။ သိလား?”

“အင်းလေ… ဒါဆိုလည်း ကျွန်မလမ်းကြုံလိုက်ခဲ့ပါ့မယ်။ ဒါပေမဲ့ ကျွန်မ ရှင့်ကို ကားခပြန်ပေးမှာ နော်”

“ကောင်းတာပေ့ါ။ ငါလည်း ကိုယ့်လမ်းကိုယ်သွားရင်းနဲ့ ဖန်ငွေရတော့ပေ့ါ… ဒါဆို လာလေ… အိတ်ပိုင်းမ,ပေးရမလား”

“နေပါစေ။ ကျွန်မဘာသာပဲ”

သူမ ပြောလည်း ပြော။ အိတ်တင်ဖို့ ကားတံခါးကို သွားဖွင့်တော့…

“ဝူး…”

ကားတံခါးဖွင့်ဖို့ လက်လှမ်းရုံရှိသေး သူက ကားမောင်းထွက်သွားလေသည် ။

သူမ အတော်ပဲရှက်သွားမိသည် ။ လူကို ကားကြုံလိုက်ဖို့ တကူးတကန့်ခေါ်ပြီး သက်သက်အရှက်လာခွဲနေတဲ့ သူ။

လက်လေးကမ်းထားရင်း ရှက်လည်း ရှက်၊ ကြောင်တောင်တောင်နဲ့ သူ့ကားကိုလှမ်းကြည့်လိုက်တော့ သူ ဓါတ်တိုင်တစ်တိုင်အကွာတွင် ကားကို ရပ်ပြီး ဘတ်ပြန်ဆုတ်လာပါသည် ။

ပြီးတော့ သူမရဲ့ အခက်တွေ့၊ အရှက်ရသွားတဲ့ ပုံကိုကြည့်ပြီး ဟားတိုက်ရယ်မောကာ ကားပေါ်က ဆင်းလာပါတော့သည် ။

“ဟား… ဟား… ဟား… လက်လေးလှမ်းလိုက်ရုံရှိသေး… ကားက မောင်းထွက်သွားတော့… ဟား… ဟား…ဟား…… မင်းရုပ်က မခုတ်တတ်တဲ့ ကြောင်လေးကျနေတာပဲ…”

“ရှင်နော်… ရှင်တော်တော်အောက်တန်းကျပါလား။ သူတစ်ပါးအခက်ခဲကို ဟာသလုပ်တာ ရှင်မရှက်ဘူးလား”

“ရှက်ပါဘူး။ စ,ရတာ အမြတ်”

“သွား… ရှင်သွားတော့နော်။ မဟုတ်ရင်… ကျွန်မအဆိုးမဆိုနဲ့ ”

“မင်းကလည်း ကွာ… နောက်တာကို။ လာပါ… ဒီတစ်ခါ မနောက်တော့ဘူး”

ပြောရင်း သူက သူမအိတ်ကို ဆွဲမပြီး ကားနောက်ခန်းသို့ တင်လိုက်

ပါတော့သည် ။

“မလိုက်ဘူး… ရှင်နဲ့ မလိုက်ဘူး”

“လိုက်ခဲ့ပါကွာ။ မင်းကလည်း ဒေါချည်းပဲ”

ပြောပြီး သူမတက်ဖို့ ကားတံခါးကို သူကိုယ်တိုင်ပဲ ဖွင့်ပေးပြန်သည် ။

သူမ ဒီလူကို လုံးဝကို နားမလည်နိုင်တော့။ စိတ်ပျက်ပျက်နဲ့ လှမ်းကြည့်လိုက်တော့ သူက မျက်နှာငယ်လေးနဲ့ လက်နှစ်ဖက်ကို တောင်းပန်သလို လေးယှက်ပြရင်း…

“Sorry ကွာ… နော်”

တဲ့ ။

ကားကြုံလိုက်ပို့ပေးမယ့်လူက ခခယယတောင်းပန်နေသဖြင့် သူမ ကပဲပြန်ပြီး အားနာရမလိုလို။

နောက်ဆုံးတော့ ကိုယ့်မှာ လည်း တခြားနည်းလမ်းမရှိတော့လို့ သူဖွင့်ပေးထားတဲ့ ကားပေါ်သို့ သူမ တက်ခဲ့လိုက်ပါတော့သည် ။

သူ သွက်သွက်လက်လက်နဲ့ ပဲ ကားမောင်းထွက်လိုက်ပါသည် ။

ပြီးတော့ သူမကို တစ်ချက်တစ်ချက်ငဲ့ကြည့်ပြီးပြုံးနေပါသေးသည် ။

ဒါပေမဲ့ သူ ကားကိုတော့ ခပ်မြန်မြန်လေးမောင်းနေသဖြင့် သူမ ဘဝင်တော့ကျမိပါ၏။

စိတ်ထဲမှ လည်း အများ ဆုံးဒုက္ခခံရ နောက်ထပ် ၂ နာရီ လောက်သာရှိမယ်လို့ တွေးမိသေးသည် ။ အိမ်ရောက်လို့ ကတော့ နောက်တစ်ခါသင်းနဲ့ လမ်းမှာ တွေ့လို့ ကတော့ ခေါ်ဖို့ နေနေသာသာ ပြုံးတောင်မပြ

ဘူးဆိုပြီး ဆုံးဖြတ်ထားမိ၏။

"ရှင်ဘယ်ကို သွားနေတာလဲ?"

ဘေးပတ်ဝန်းကျင်ကို အကဲခတ်လိုက်တော့ သူက ပဲခူးဖက်သို့ မောင်းနေတာ မဟုတ်။ မြောက်ဥက္ကလာဖက်ကိုဦးတည်ပြီးမောင်းနေတာတွေ့ လိုက်ရသဖြင့် မေးလိုက်တော့... သူက ခပ်အေးအေးပဲ...

"တစ်ခုခုစားမယ်လေကွာ... ပြီးမှ ပဲခူးကိုသွားကြတာပေါ့... မင်းရော ဗိုက်မဆာဘူးလား?"

လို့ ပြန်မေးပါသည် ။

သူမေးမှ ပဲ သူမဗိုက်ထဲမှ အတော်ပဲဆူညံနေတဲ့ အသံများကို သတိပြုလိုက်မိသည် ။ ဟုတ်လည်း ဟုတ်ပါ၏။ နေ့လည်စာစားပြီးကတည်းက သူမ ဘာမှ မစားရသေး။ ဗိုက်က တော်ပဲဆာနေပြီဖြစ်သည် ။

"မင်းပုံက တော်တော်ဗိုက်ဆာနေပုံပေါက်တယ်။ အဲ့ဒါကြောင့် ဆိုင်တစ်ဆိုင်ကိုသွားမယ်လေ...နော်။ မပူပါနဲ့ ။ ငါကျွေးမှာ ပါကွ..."

သူအတည်ပြောနေသောကြောင့် သူမ ခေါင်းညိတ်ရင်း ပြန်ဖြေလိုက်ပါသည် ။

"ကျေးဇူးပဲနော်... ကားကြုံစီးရလို့ ..."

"ရပါတယ်။ ဒါနဲ့ မင်းခွေးမွေးလား?"

"မမွေးပါဘူး..."

"ငါကတော့ ခွေးချစ်တတ်တယ်ကွ"

"ဒါဆို ရှင်... ခွေးမွေးထားလား?"

"မမွေးထားပါဘူး... ချစ်ပဲချစ်တာ။ မမွေးချင်ဘူး..."

“ဩော်…”

စကားမရှိစကားရှာပြီး လူကို အကြောင်းရိုက်နေတာပဲလို့ သူမ စိတ်ထဲထင်လိုက်မိသည် ။

“မင်းဘာအရောင်ကြိုက်လဲ?”

“အပြာရောင်…”

အိမ်ပြန်ချင်နေတဲ့ သူမက တကယ်တော့ ဘာစကားမှ မပြောချင်ပါ။ ဒါပေမဲ့ သူ့ကားနဲ့ လိုက်စီးနေရတာဖြစ်လို့ မဆီမဆိုင်မေးနေတဲ့ သူ့မေးခွန်း တွေကို စိတ်မပါပဲနဲ့ ဖြေနေရတာ တကယ့်ဝဋ်ကြွေးတစ်ခုနှယ်။

“အပြာရောင်ကြိုက်တာ ကောင်းတာပေါ့။ အဲ့ဒါက မျက်လုံးအေးတဲ့ အရောင်လေ။ သွေးအေးတဲ့ လူတွေ ကြိုက်ကြတယ်။ ဒါပေမဲ့ မင်းပုံက သွေးအေးပုံတော့ မပေါ်ပါဘူး။ မင်းက တော်တော်စွာတယ်ကွ။ ငါက ဘာအရောင်ကြိုက်တယ်လို့ မင်းထင်လဲ?”

စိတ်ပျက်စွာနဲ့ သူ့ကို လှမ်းကြည့်လိုက်မိတော့ သူက သူမအကြည့်ကို သဘောမပေါက်တာလား၊ နားမလည်တာလား။ သူ့စကားကို ပြောမြဲဆက် ပြောလေသည် ။

“အစိမ်းရောင်… အစိမ်းရောင်လည်း မျက်လုံးအေးတဲ့ အရောင်လေ။ ဒါနဲ့ မင်း ပီဇာကြိုက်လား?”

“အင်း…”

“ကောင်းတယ်ကွ။ ပီဇာက စားလို့ ကောင်းတယ်။ ငါလည်း ကြိုက်တယ်…”

ကားလည်း မောင်း၊ စကားကိုလည်း မရပ်မနားပြောနိုင်သော သူ့ကို

သူမ အံ့ညြမိပေမဲ့ သူကတော့ အေးအေးဆေးဆေးပင်။ ကားမောင်းရင်း စကားကို ရေပက်မဝင်အောင်ပြောနေလေသည် ။

“ပီဇာကို ငါက ဆိုင်မှာ ထိုင်ပြီး စားရတာကိုမကြိုက်ဘူးကွ။ လမ်းလျှောက်ရင်း စားတာပဲဖြစ်ဖြစ်၊ ဒါမှ မဟုတ် ကမ်းခြေမှာ လမ်းလျှောက်ရင်း စားတာပဲ ဖြစ်ဖြစ် အဲ့လိုပဲကြိုက်တယ်။ ငါက ပင်လယ်ကမ်းခြေကို ရောက်ရင် ပင်လယ်စာစားရတာကို မကြိုက်ဘူးကွ… မင်းရော…”

“အင်း…”

“ဒါနဲ့ . ပင်လယ်ကမ်းခြေမှာ အပမ်းဖြေရတာကို မင်းကြိုက်လား?”

“အင်း”

“ဒါဆို…မင်း မီယာမီကမ်းခြေကို ရောက်ဖူးလား?”

“မရောက်ဖူးဘူး…”

“မင်းကလည်း ညံ့လိုက်တာကွာ။ ဒီလောက်နာမည်ကြီးနေတဲ့ ကမ်းခြေကို မင်းက မရောက်ဖူးဘူးပေါ့… ညံ့ပ့ါ…”

သူမကို တကူးတကန့်ကားကြုံလိုက်စီးခိုင်းပြီး သက်သက်ညှင်းနေသည် ဟု ပင် သူမတွေးထင်မိပါ၏။

“ဒါဆို ရှင်ရော… မီယာမီကမ်းခြေကို ရောက်ဖူးလို့ လား?”

“မရောက်ဖူးပါဘူး…”

“ဒါဆို ရှင်လည်း ညံ့တာပေါ့…”

ကိုယ့်ကိုဗလိုင်းကြီး ဝေဖန်နေတဲ့ အတွက် သူမလည်း အားမနာနိုင်တော့ပဲ ပြန်ဝေဖန်ပစ်လိုက်သည် ။ ဘယ်နှယ့်လဲ… နင့်အလှည့်မို့ နင်ခံပေါ့ ဆိုတဲ့ အကြည့်နဲ့ လည်း သူမ ကြည့်လိုက်ပေမဲ့ သူက ခပ်အေးအေး

ပဲတုန့်ပြန်ပါသည် ။

"မဟုတ်တာ။ ငါက ကမ်းခြေကို သွားရတာ ဝါသနာ မပါဘူး... အဲ့ဒါကြောင့် မရောက်ဖြစ်တာ... မင်းလို မဟုတ်ဘူး ..."

မဆီမဆိုင်တာတွေကိုပြောတတ်သလို၊ စကားကိုလည်း ကပ်သီးကပ်ဖဲ့ပြောတတ်တဲ့ သူ့ကို သူမ မျက်စောင်းထိုးလိုက်မိသည် ။

ထိုခဏတော့ သူ့ဆီမှ အသံတိတ်သွားသဖြင့် သူမ စိတ်ကျေနပ်မိပါသည် ။ ဘာပဲဖြစ်ဖြစ်နားတော့အေးသွားပေပြီ။

ဒီတော့ သူသွားမယ့်ဆိုင်ကို မရောက်ခင် ခဏလောက်အနားယူဖို့ ခေါင်းမှီတွင် ခေါင်းကိုမှီရင်း လိုက်ပါခဲ့ပါသည် ။

သို့သော် သူ့အသံတိတ်မှုက ခဏပဲကြာပါ၏။

ဓါတ်တိုင်ဆယ်တိုင်ခန့်အကွာသို့ရောက်တာနဲ့ သူ့ဆီက မေးခွန်းတစ်ခုကြားရပြန်သည် ။

"ဒါနဲ့ ... မင်းဘယ်တုန်းက အပျိုစဖြစ်တာလဲ?"

"ဘာ... ရှင်... ရှင်ဘာတွေလျှောက်မေးနေတာလဲ"

မထင်မှတ်စွာကြားလိုက်ရတဲ့ မေးခွန်းကြောင့် သူမ ထ,ခုန်မတတ်ဖြစ်သွားရသလို၊ ရှက်လည်း အလွန်ပဲ ရှက်သွားမိပါ၏။

"အော်... မင်းကလည်း ... ဒါလေးမေးတာကို"

"အဲဒါ ရှင်မေးစရာလား... မမေးသင့်တဲ့ ကိစ္စလေ... ရှင်မသိဘူးလား? ရှင်ဘာတွေလိုက်ပြီး စပ်စုနေတာလဲ?"

"ဘာဖြစ်လို့ မမေးသင့်ရမှာ လဲ?"

"အဲ့ဒါ ဖြေရမှာ ရှက်ဖို့ ကောင်းတဲ့ မေးခွန်းလေ..."

"ငါကတော့ ဖြေရမှာ မရှက်ပါဘူးကွာ။ ဒါက သဘာဝတရားပဲလေ ... ငါဆိုရင် အသက် ဆယ့်နှစ်နှစ်မှာ လူပျိုစဖြစ်တာ... လူပျိုစဖြစ်သွားတာနဲ့ ငါမိန်းမတစ်ယောက်ကို စကြိုက်တော့တာပဲ"

သူက အရှက်မရှိ ဒီလိုစကားတွေပြောနေနိုင်ပေမဲ့ သူမကတော့ လုံးဝ နားမထောင်ချင်တော့။ နားထောင်ရတာတောင် တော်တော်နားရှက်စရာ။

"ဒီမှာ ... ကျွန်မ အဲဒါတွေကို စိတ်မဝင်စားဘူး"

"အော်... မင်းကလည်း မင်းနဲ့ ငါက တစ်လှေတည်းစီး၊ တစ်ခရီးတည်းသွားတွေမို့ တစ်ယောက်နဲ့ တစ်ယောက်ပွင့်ပွင့်လင်းလင်းသိရအောင် ပြောပြတာပါကွ"

"ရတယ်... ကျွန်မ မသိချင်ဘူး"

"ငါကတော့ ပြောပြမှာ ပဲ"

"ဒီမှာ ... ကျွန်မ တော်တော်လေးကို စိတ်ပျက်နေပြီနော်..."

"ဘာလဲ? မင်းက... မင်းကို ကားကြုံလိုက်ပို့ပေးတဲ့ လူကို စိတ်ပျက်နေတာလား?"

ဒီတစ်ခါမေးလိုက်တဲ့ သူ့ပုံစံက ကျေးဇူးရှင်ကိုစော်ကားလှချည်လားလို့ မေးတဲ့ မျက်နှာပေးနဲ့ ။ အမှန်အတိုင်း ဟုတ်တယ်လို့ ဖြေလိုက်လို့ သူက စိတ်ဆိုးပြီး ကားပေါ်ကဆင်းတော့လို့ မောင်းချလိုက်ရင် သူမ အိမ်ပြန်ဖို့ အခက်တွေ့သွားနိုင်သည် ။

" မဟုတ်ဘူး ။ စိတ်ပျက်တာက... ကျွန်မ ပိုက်ဆံအိတ်ပျောက်သွားလို့ ။ ဒါပေမဲ့... ကျွန်မ အိမ်ကို ဒီနေ့မဖြစ်မနေပြန်ရမယ်။ ဘာဖြစ်လို့ လဲ

ဆိုတော့ ကျွန်မအဖွားကဆေးရုံ တက်နေရတယ်။ အဲ့ဒါကြောင့် ကျွန်မ အချိန်မီသွားချင်နေတယ်။ ပဲခူးကို ရောက်ဖို့ ပဲ ကျွန်မစိတ်လော နေတယ်ဆိုတော့…”

“မင်းအဖွားက သေတော့မှာ ပေါ့…”

သူမစကားကို ဆုံးအောင်နားမထောင်ပဲ ရုတ်တရက်မေးလိုက်တဲ့ သူ့မေးခွန်းကြောင့် သူမ ဒေါသများ ထွက်လာရပြန်သည် ။

“ရှင် မလွန်လာနဲ့ နော်…စကားကို သတိထားပြောပါ”

“မင်းကလည်း မင်းပြောတော့ မီအောင်သွားချင်တယ်ဆို”

“မီအောင်သွားချင်တယ်ဆိုတာ အသက်ကို မဟုတ်ဘူး ။ ကျွန်မ ဆေးရုံကို ဒီနေ့ရောက်အောင်သွားချင်တယ်လို့ ပြောတာ…”

“အေးလေ။ အဲ့ဒါ ရှင်းအောင်ပြောပေါ့။ ရှင်းအောင်ပြောရင် ပြီးနေတဲ့ ကိစ္စ။ အခုန… မင်းပြောတဲ့ ပုံစံက သေတော့မယ့် လူတစ်ယောက်အတွက် အသက်မီအောင်သွားချင်တဲ့ ပုံစံမျိုး…”

“တော်ပါတော့… ရှင်ပြောနေတာနဲ့ ပဲ ကျွန်မအဖွားက လူသေဖြစ်တော့မယ်…”

သူမစိတ်ပျက်စွာ သူ့ကိုအော်ဟစ်လိုက်မိပါတော့သည် ။

“အော်… အဲ့လိုဖြစ်သွားလို့ လား။ အဲလိုဖြစ်သွားတယ် ဆိုရင်တော့ S orry ပါကွာ။ ဒါပေမဲ့ ငါ နားလည်ပါတယ်။ ကိုယ်ချင်းလည်း စာတတ်ပါတယ်။ ကိုယ့်ဆွေမျိုးသားချင်းတစ်ယောက်ယောက် နေမကောင်းဖြစ်ပြီ ဆိုရင် စိတ်မကောင်းဖြစ်ရစမြဲပါပဲ… ငါနားလည်ပေးလို့ ရပါတယ်…”

အလေးအနက်ကြီး မျက်ရည်ဝေ့ရင်းပြောလိုက်တဲ့ သူ့စကားကြောင့်

အော်လိုက်မိတဲ့ သူမကပဲ လွန်သွားသလိုလို။ တောင်းပန်ရတော့မလိုလို။

အားတုန့်အားနာဖြစ်သွားရင်း သူမ နှုတ်ဆိတ်သွားရတော့သည် ။

“ရှေ့နားက ဆိုင်မှာ တစ်ခုခုစားမယ်လေ။ နော်...”

ခေါင်းညိတ်ရုံတုန့်ပြန်ပြီး သူမ တစ်ဖက်သို့ငေးနေလိုက်သည် ။

သူကတော့ ခပ်ပြုံးပြုံးပါပဲ။ ကားကို ဂရုတစိုက်နဲ့ မောင်းရင်း နောက်ထပ်ဘာစကားမှ ထပ်မပြောတော့။

*

စားသောက်ဆိုင်ထဲတွင် နေရာလွတ်ဟူ၍ မရှိ။ စားပွဲတိုင်းတွင် စားသောက်နေသူများ ပြည့်နေ၏။

ထိုင်ခုံအလွတ်မရှိသဖြင့် သူနဲ့ သူမ ဆိုင်ဝတွင် ရပ်ရင်း ဆိုင်ထဲပဲ ဝင်ရမလိုလို၊ လှည့်ပြီးပဲ ထွက်သွားရတော့မလိုလို။

"ဆိုင်ထဲမှာ လူက ပြည့်နေတာပဲ။ ဘယ်လိုလုပ်မလဲ? တခြားဆိုင်သွားမလား?"

သူမစိတ်ပျက်ပျက်နဲ့ ညီးညူတော့ သူက ခေါင်းခါလိုက်ပါသည် ။

"ဒီဆိုင်က ပီဇာက တော်တော်ကောင်းတာကွ... တခြားဆိုင် မပြောင်းချင်ဘူး။ နောက်ပြီး ဒီဆိုင်က ကော်ဖီကလည်း သောက်လို့ တော်တော်ကောင်းတယ်..."

"အရင်က ဒီဆိုင်မှာ ရှင်စားနေကျလား?"

"ဒီဆိုင်ကို ငါအခုမှ ရောက်ဖူးတာ..."

ရှေ့နောက်မညီသည့် သူ့စကားများကြောင့် သူမ ခေါင်းရှုတ်ရသည်ကတော့အမှန်ပင်။

"မရောက်ဖူးပဲနဲ့ ဒီဆိုင်က ပီဇာစားကောင်းတာ ရှင်ဘယ်လိုလုပ်သိလဲ?"

"မှန်းပြီးပြောကြည့်တာ။ မင်းကလည်း လိုမ့်ရင် ယုံတာပဲလား? က လေးကျနေတာပဲ..."

"ဟုတ်ပါပြီ။ ဒီဆိုင်က ပီဇာကောင်းမကောင်းလည်း မသေချာတော့ တဲ့ အတူတူ တခြားဆိုင်ကိုသွားကြမယ်လေ... နော်။ ကျွန်မ အိမ်ကို စောစောပြန် ရောက်ချင်လို့ ..."

"တခြားဆိုင်ပြောင်းရင်လည်း အချိန်ကုန်မှာ ပါပဲကွာ။ မင်းထိုင်ခုံရချင်တယ် မဟုတ်လား။ ငါကြိုမယ်။ မင်းကြည့်..."

သူ ပြောပြောဆိုဆိုနှင့် သူ့လက်ထဲမှ အိုဗာတင်းပုလင်းကို သူမလက် ထဲသို့ ထည့်ခဲ့လိုက်ပြီး ဆိုင်ထဲသို့ဝင်သွားလေသည် ။

အဲဒီအိုဗာတင်းပုလင်းကို သူကားပေါ်ကဆင်းကတည်းက ယူလာခဲ့ တာဖြစ်သည် ။

သူမ သူဘာလုပ်မလဲဆိုတာ ဆိုင်ဝမှာ ရပ်ကြည့်နေလိုက်၏။

သူ ဆိုင်ထဲသို့ရောက်တာနဲ့ စားပွဲတစ်ခုနားသို့သွားကာ ရုတ်တရက် ခေါင်းမူးပြီး လဲကျတော့မလိုလို လုပ်လိုက်သဖြင့် ထိုင်နေတဲ့ လူတွေအဖို့ သူ့ကိုပဲထိန်းပေးရမလိုလို၊ ရှောင်ပဲရှောင်ရမလိုလိုဖြစ်ကုန်သည် ။

သူမ စောင့်ကြည့်ရင်း သူဘာလို့ ဒီလိုသွားလုပ်လဲဆိုတာ နားမလည် နိုင်ဖြစ်နေစဉ်မှာ ပဲ သူက တဆင့်တက်ပြီး ခေါင်းမူးပြီး ပျို့တက်လာသ လိုလိုနဲ့ စားပွဲပေါ်သို့ တဝေ့ဝေ့နဲ့ လုပ်လေတော့သည် ။

ဒီတော့ ထိုင်နေတဲ့ လူတွေအဖို့ သူတို့ စားနေတဲ့ အစားစာတွေပေါ်သို့ သူအန်ချလိုက်မှာ ကို ကြောက်လန့်ပြီး စားလက်စပန်းကန်တွေကို ဆွဲယူ တဲ့ လူက ဆွဲယူ၊ ထိုင်ခုံမှ ရွံရှာစွာ ထ,သွားတဲ့ လူက ထသွားနဲ့ ။ သူက တော့ အရှိန်မလျော့ တဝေ့ဝေ့ဆက်လုပ်နေသဖြင့် စားပွဲက လူတွေ ဆ

က်မထိုင် ဝံ့တော့ပဲ အသီးသီး စိတ်ပျက်စွာ ထွက်သွားပါတော့သည် ။

ဘေးဝိုင်းက လူတွေလည်း သူ့ကို ရှုံ့ရှာစွာဖြင့် လှမ်းကြည့်နေသည် ။

ဒါပေမဲ့ သူကတော့ စားပွဲက လူတွေထ,သွားတာနဲ့ ချက်ချင်း ဘာမှ မဖြစ်တော့သလို ထိုင်ခုံတွင် ဝင်ထိုင်ပြီး သူမကို လက်ယပ်လှမ်းခေါ်၏။

သူမအဖို့ ဆိုင်ဝကပဲ ထွက်သွားရမလား၊ ဆိုင်ထဲပဲ မျက်နှာပူပူနဲ့ ဝင်သွားရမလား။

" လာလေ... မင်းပဲ ထိုင်ခုံလိုချင်တယ်ဆို"

သူ အသံပြဲကြီးနဲ့ လှမ်းအော်နေပြီမို့ သူမ မျက်နှာပူပူနဲ့ ပဲ သူ့စားပွဲဆီ သွားထိုင်လိုက်ရပါတော့သည် ။

"ရှင်မရှက်ဘူးလား? လူတွေဝိုင်းကြည့်နေပြီ..."

သူမ ရှက်ရှက်နဲ့ ကျိတ်ပြီးမေးတော့ သူက ဘာမှ မမှုတဲ့ ပုံစံနဲ့ ပြုံး၏။

"ထိုင်ခုံလိုချင်လို့ လုပ်လိုက်တာပဲကွာ။ ဘာရှက်စရာရှိလဲ။ နောက်ပြီး ငါလုပ်လိုက်လို့ ထထွက်သွားတဲ့ လူတွေက စားသောက်ပြီးသွားပြီကွ။ အလကား သက်သက်ထိုင်ပြီး လေပမ်းနေကြတာ..."

သူမက ရှက်နေသော်လည်း သူကတော့ ဘာမှ မဖြစ်သည့် ဟန်နှင့် ပင်။ စားသောက်စရာ Menu ကိုပင်ကြည့်နေသေး၏။

"မင်းဘာမှာ မလဲ... မှာ လေ။ ငါကျွေးမှာ ပါ..."

သူကသာ မှာ ဖို့ ပြောနေပေမဲ့ အခုချက်ချင်းတွေ့တဲ့ လူဆီက မုန့်စားရမှာ သူမအဖို့ ခပ်ရှက်ရှက်။

"ကဲပါ... ဘာမှ အားမနာနဲ့ ... မှာ စရာရှိတာ မှာ ။ ငါက ဒီလိုပဲကျွေး

နေကျကွ…”

“ရှင့်သူငယ်ချင်းတွေကိုလား?”

“ မဟုတ်ဘူး ။ ငါ့လမ်းထဲက ခွေးလေးတွေကို။ ဒီကောင်တွေ မုန့်စား တာကိုထိုင်ကြည့်ရတာ တော်တော် ကျေနပ်ဖို့ ကောင်းတယ်ကွ…”

သူ့စကားကြောင့် သူမ၏ ရှက်စိတ်များ သည် ဒေါသအဖြစ်ပြောင်းသွားရပြန်၏။

“ရှင်စကားပြောရင် သတိထားပြောနော်။ ကျွန်မက စိတ်ဆိုးတတ်တယ်”

“သည်းခံပေါ့ကွာ။ ငါက ဒီလိုပဲပြောတတ်တယ်။ ကဲ… မင်းအတွက် ပီဇာမှာ လိုက်မယ်နော်… ဖြစ်လား။ နောက်ပြီး ကော်ဖီ… ဟုတ်လား?”

သူမကအတည်ပြောသော်လည်း သူက ဂရုတောင်မပြု။ ပြောချင်တာ ကိုပြောပြီး စားပွဲထိုးတစ်ယောက်ကိုခေါ်ကာ မှာ ချင်တာတွေကို မှာ နေ လေ တော့သည် ။

စိတ်ဆိုးရခက်ခက်၊ ဒေါကန်ရခက်ခက် သူ့ပုံကို သူမကြည့်ပြီး စိတ်ပျ က်သက်ပြင်းချရုံမှ အပ တခြားမရှိတော့။

ဆိုင်မှာ လူများ နေပေမဲ့ စားစရာတွေကို သိပ်မစောင့်လိုက်ရ။ ခဏ ပဲကြာသည် ။ စားပွဲထိုးက စားစရာတွေကို လာချပေးသွားသည် ။

သူမှာ လိုက်တာက သူမအတွက် ကော်ဖီနှင့် ပီဇာဖြစ်ပြီး၊ သူ့အတွက် က နို့ပေါင်မုန့်နှင့် ကော်ဖီ ဖြစ်၏။

“ဒါနဲ့ … မင်းက ပဲခူးမှာ နေတာလား?”

“အင်း…”

မုန့်စားရင်း သူ့ထံမှ စကားစ,လာပြန်သဖြင့် သူမ အလိုက်အထိုက်ပြန်ဖြေပေးလိုက်သည် ။

"ပြည်ကိုဘာသွားလုပ်တာလဲ?"

"အလည်အပတ်သွားတာ…"

"ယောကျ်ားနောက်လိုက်သွားတာလား?"

မထင်မှတ်ထားသော မေးခွန်းကို မေးလိုက်သဖြင့် သူမ စိတ်ပျက်စွာသူ့ကိုကြည့်မိသွားပါသည် ။

"ဒီမှာ … ရှင် သူများ ကိုယ်ရေးကိုယ်တာတွေကို မမေးပါနဲ့ လား?"

"မေးရမယ်လေ။ ငါပြောပြီးသားပဲ… ခရီးသွားအချင်းချင်း တစ်ယောက်အကြောင်းတစ်ယောက်သိသင့်တယ်လို့ … တစ်ခရီးတည်းကိုအတူသွားနေကြတာ မဟုတ်ဘူး လား?"

သူက ခပ်တည်တည်နှင့် ပင် ပြန်ဖြေလေသည် ။ သူမ စိတ်ဆိုးနေသည် ကိုလည်း သတိမထားချေ။

"ပြောပါဦး။ ပြည်ကိုဘာသွားလုပ်တာလဲ?"

"အလည်အပတ်သွားတာ… ကဲ… ဘာမေးဦးမလဲ?"

စိတ်ပျက်စွာပြန်မေးလိုက်တော့ သူက ဟန်ပါပါပခုံးတွန့်ရင်း…

"အခုလောလောဆယ်တော့… မေးစရာကုန်ပြီ… ဒီတော့… မင်းမေးလေ…"

တကယ်တော့ သူမ သူ့အကြောင်းကို မသိချင်သလို၊ စိတ်လည်း မဝင်စား။ သူမသိတာ အိမ်ပြန်ချင်တာ။ ဒါပေမဲ့ မမေးရင်လည်း မပြီးတာမို့…

"ရှင်ကရော ပျဉ်ပုံကြီးကို ဘာသွားလုပ်မှာ လဲ?"

"သတင်းသွားပေးမလို့ ..."

"ဘယ်သူသေလို့ လဲ?"

အမြင်ကပ်ကပ်နဲ့ သူနစ်နာအောင် ရွဲ့မေးလိုက်တော့... သူက ခပ်အေးအေးခေါင်းညိတ်သည် ။

သူမ မေးခွန်းကြောင့် သူစိတ်ဆိုးလျှင် တောင်းပန်လိုက်မယ်ပေါ့။ သူတစ်ပါးကို အောင့်သက်သက်ဖြစ်အောင် လုပ်တတ်တဲ့ သူ့ကို သူမလည်း ပြန်လုပ်လိုက်တာပဲဖြစ်သည် ။

"ကိုယ့်အဖေ..."

မထင်မှတ်ထားတဲ့ အဖြေကြောင့် အောင့်သက်သက်ဖြစ်ရတဲ့ လူက သူမပဲဖြစ်သွားရပြန်သည် ။

"ကိုယ့်အဖေရဲ့ အမင်္ဂလာသတင်းကို သွားပြောမလို့ ..."

နောက်ဆုံးတော့ မေးမိတဲ့ သူမပဲ သူ့ကို အားနာသွားရ၏။

"Sorry နော်... ကျွန်မ လွန်သွားတယ်"

"ရပါတယ်။ တကယ်လည်း သေတဲ့ သတင်းပဲ ဥစ္စာ..."

လွှမ်းမောသလိုလေးဖြေပြီး ပေါင်မုန့်စားလိုက်၊ ကော်ဖီသောက်လိုက်လုပ်နေတဲ့ သူ့ကို သူမ တကယ်ပဲ အားနာမိသွားသည် ။

ဘာပဲဖြစ်ဖြစ်ကိုယ့်ကိုကူညီထားတဲ့ လူကို စိတ်အနှောင့်ယှက်ဖြစ်အောင်တော့ မလုပ်သင့်ဘူးမို့လား။

"ရှင်ပြောတော့ ပီဇာကြိုက်တယ်ဆို... အခုဘာဖြစ်လို့ ပီဇာမစားတာလဲ?"

အားနာမှုကြောင့် ဟိုဟိုဒီဒီစကားကို သူမပဲစပြီးပြောရပြန်၏။

"ဖြေလေ…"

"မင်းစားပါဦး… စားပြီးမှ ဖြေမှာ …"

သူမ ပီဇာကို တစ်ကိုက် ကိုက်စားလိုက်ပြီး ကော်ဖီနှင့် မျှောချလိုက်ပါသည် ။

"ကဲ…ပြောတော့…"

"မင်ပီးဇာကို ထပ်ပြီးတစ်ကိုက်ကိုက်စားလေ။ အဲ့ဒီတော့မှ ငါပြောပြမယ်…"

သူမ ပီဇာကို တစ်ကိုက်ကိုက်ကာ ဝါးရင်း သူ့ကို ပြောတော့ဟူသောဟန်နှင့် မေးငေါ့ပြလိုက်ပါသည် ။

"မင်းအခု ပီဇာကိုဝါးနေတာပေါ့နော်။ အဲ့ဒီအချိန်မှာ မင်းပါးစပ်ထဲက တံတွေးတွေထွက်လာမယ်။ ပြီးရင် အဲ့ဒီတံတွေးတွေနဲ့ ပီဇာနဲ့ရောသွား ပြီး ပြစိစိတွေဖြစ်လာမယ်။ ပျော့လာမယ်ပေါ့ကွာ။ အဲ့ဒီအချိန်မှာ ပီဇာထဲမှာ ပါတဲ့ အသားတွေက သိုးနေလား။ မသိုးဘူးလားဆိုတာကို မင်းမစဉ်းစားတော့ဘူး။ အရသာရှိလာတဲ့ အတွက် မင်း မျိုချလိုက်တော့မယ် မဟုတ်လား?"

ရှုံ့ရှာစရာ စကားများကို ဆက်တိုက်လိုလိုပြောနေသော သူ့စကားများကြောင့် သူမ ဝါးနေတဲ့ ပီဇာများကိုတောင် ထွေးထုတ်လိုက်ရ၏။

"မပြောနဲ့ တော့…"

ဗိုက်ဆာနေတာတောင် ဘယ်ပျောက်သွားမှန်း မသိတော့။

"တံတွေးတွေနဲ့ ဝါးဖတ်တွေနဲ့ ..."

"ရှင့်ကိုတော်တော့လို့ ပြောနေတယ်နော်... ကျွန်မ စားထားတာတွေ တောင် အန်ထွက်တော့မယ်..."

"အန်ရင်လည်း အန် လိုက်လေ။ ငါ အဲ့ဒီအန်ဖက်တွေကို ကောက်စားလိုက်မယ်..."

"ရှင်နော်... ဝေ့ါ..."

အလိပ်လိုက်တက်လာတဲ့ အန်ချင်စိတ်များကို မနည်းထိန်းချုပ်ထားရသဖြင့် ချွေးများ တောင် စို့တို့ တို့ ။

ပတ်ဝန်းကျင်မှာ လူတွေစားသောက်နေကြသဖြင့် အန်ချင်စိတ်ကို မနည်းထိန်းထားရတာ အတော်ပဲ အနေရခက်လှပါ၏။

"မအန်နဲ့ ... မအန်နဲ့ ... အလကားစတာ... မင်းကလည်း စတာလေးကို တော်တော်ပုံကြီးချဲ့တာပဲ။ ကဲပါ... ဆက်စားတော့။ မ"စ"တော့ဘူး ..."

သူက ပေါ့ပေါ့လေးပြောလိုက်သော်လည်း သူမ စားချင်စိတ်ပျောက်သွားရလေပြီ။ အတော်ပင် စိတ်ပျက်စရာကောင်းသောလူနှင့် ခရီးတစ်ခုကို သူမ သွားမိခြင်းပါလား။ မိခင်စကားကို နားမထောင်ခဲ့သောကြောင့် သူမ ဝဋ်ဒုက္ခတွေခံစားနေရပြီလား။

"မစားချင်တော့ဘူး။ ရှင်ပဲ ဆက်စားတော့"

"စားပါကွာ။ မင်းဗိုက်ဆာနေတယ် မဟုတ်လား?"

"မစားချင်တော့ဘူး..."

"ဒါဆိုလည်း ငါပဲဆက်စားလိုက်တော့မယ်..."

သူမ အန်ချင်စိတ်ကို မနည်းထိန်းနေပေမဲ့ သူကတော့ မရွံမရှာ သူမ ကိုက်ထားတဲ့ ပီဇာကိုဆက်ပြီးကုန်အောင်စားလိုက်တဲ့ အပြင် ကော်ဖီ တွေကို ပါ မော့သောက်လိုက်ပြန်သည် ။

သူမကတော့ အန်ချင်စိတ်ပျောက်သွားအောင် မနည်းကြိုးရေသော က်ရင်း ဖြေဖျောက်နေရ၏။

သူစားလို့ ပြီးတော့ ငွေရှင်းပြီး ဆိုင်ထဲမှ ပြန်ထွက်ခဲ့ကြပါသည် ။

"စားပြီးရင် ပဲခူးကို မောင်းတော့မှာ ပေ့ါနော်…"

ကားပေါ်ရောက်တာနဲ့ သူမ သူပေးတဲ့ ဒုက္ခတွေကို မခံနိုင်တော့သဖြ င့် သိချင်တာကိုပဲ တိုက်ရိုက်မေးလိုက်မိတော့သည် ။

"မဟုတ်ပါဘူး…"

သူ့အဖြေကြောင့် သူမ အတော်အခက်တွေ့သွားသည် ။

"ပဲခူးကို တန်းမပြန်ဘူးလား…"

"မပြန်သေးဘူးလေ။ ကျောက်တန်း ရေလယ်ဘုရားကိုသွားရဦးမယ် …"

"ဘာ… ဒီကနေ ပဲခူးကိုသွားမယ်ဆိုရင် တန်းနေတာပဲလေ။ ပုလဲမြို့ သစ်၊ ပြီးရင် အင်းတကော်။ အဲ့ဒီကနေ ညာဖက်ချိုးရင် ပဲခူးကို တန်းနေ တာပဲလေ။ ရှင်က ဘာဖြစ်လို့ ကျောက်တန်းကို သွားချင်သေးတာလဲ? လမ်းက တခြားစီပဲလေ… မိုင်တွေလည်း ပိုမောင်းရမှာ ပေ့ါ…"

မှတ်မိသလောက် လမ်းကိုပြောရင်း မေးလိုက်တော့ သူက သူ့လက်မှာ ကိုင်လာတဲ့ အိုဗာတင်းပုလင်းလေးကို စိတ်မကောင်းစွာကြ ည့်ပြီး…

"စိတ်မကောင်းပါဘူးကွာ... ငါ့အဖေက ရေလယ်ကျောက်တန်းကို အရမ်းနှစ်သက်တာကွ..."

ဟူ၍ ပြောလေသည် ။ အိုဗာတင်းပုလင်းကို သူ တကိုင်ကိုင်လုပ်နေသော်လည်း သူမသည် ထိုပုလင်းကို သူဘာ့ကြောင့် တကိုင်ကိုင် လုပ်နေရသနည်းကို နားမလည်နိုင်ပေ။

"နေစမ်းပါဦး။ အဲ့ဒီ အိုဗာတင်းပုလင်းကို ရှင်ဘာ့ကြောင့် တစ်ကိုင်ကိုင်လုပ်နေတာလဲ?"

"အဲ့ဒီ့အထဲက အဖေ့ရဲ့ အရိုးပြာတွေလေ..."

သူ ဝမ်းနည်းစွာပြောလေသည် ။

ကြိုတောင်မကြုံဖူး။ အဖေ့အရိုးစုပြာကို အိုဗာတင်းပုလင်းထဲကို ထည့်သည့် အဖြစ်။

"ဟင်? အရိုးပြာကို အိုးလေးဘာလေးနဲ့ မထည့်ဘူးလား? ဘာဖြစ်လို့ အိုဗာတင်းဗူးထဲမှာ ရှင့်အဖေရဲ့ အရိုးပြာကို ထည့်ရတာလဲ?"

"ဘာဖြစ်လို့ လဲဆိုရင် သူကသေသွားပြီလေကွာ..."

"သေသွားပြီဆိုပေမဲ့... အရိုးပြာကို အိုဗာတင်းပုလင်းထဲကို ထည့်ထားတယ်ဆိုတော့...သိပ်တော့ မသင့်တော်..."

"ငါအဲ့လိုထည့်ထားတာ ဘယ်သူ့ကိုထိခိုက်လို့ လဲ? အဲလိုထည့်ထားလို့ တစ်ဦးတစ်ယောက်ကို ထိခိုက်သွားလို့ လား?"

အိုဗာတင်းပုလင်းထဲသို့ ဖခင်၏ အရိုးပြာကို ထည့်သည့် ကိစ္စကို သူမ တအံ့တသြဖြစ်နေခြင်းအပေါ် သူ အနည်းငယ်တော့ အလိုမကျဖြစ်ပါသည် ။

"မဟုတ်ပါဘူး။ မထိခိုက်ပါဘူး။ ဒါပေမဲ့…"

"ဘာများ အံ့သြစရာပါလို့ လဲ?"

"မပါ ပါဘူး… ဒါပေမဲ့… အဖေရဲ့ အရိုးပြာဆိုတာ ရှိသေရမယ်လေ။ နောက်ပြီး အရိုးပြာအိုးနဲ့ ထည့်ရမှာ လေ။ အခု အိုဗာတင်းပုလင်းကြီးနဲ့ ဆိုတော့…"

"ငါ့တစ်သက်မှာ ငါလုပ်သမျှကို မင်းလိုရှုံ့ချတာ တစ်ယောက်မှ မရှိဘူးဖူးကွ…"

သူပြောရင်း မျက်ရည်ပင် ဝဲလာတော့၏။ ဖြစ်သင့်ဖြစ်ထိုက်သော အလုပ်ကို ပြောလိုက်သော သူမပင် မှား နေသကဲ့သို့ သူက ဆက်ဆံနေ၏။

"ငါ့အဖေကို ငါမရှိသေဘူးလို့ မင်းကပြောချင်တာလား?"

"မဟုတ်ပါဘူး… ဒါပေမဲ့…"

"မင်းသိလား။ ငါ့အဖေက အိုဗာတင်းကို အရမ်းကြိုက်တာကွ…"

"သြော်…"

သူ့အတွက်ကတော့ တွက်ချက်နှင့် နှမ်းထွက်က ကိုက်လျက်။

"ဘာလဲ… ရှင့်အဖေက အိုဗာတင်းသောက်ပြီး ကျန်းမာလာလို့ လား ?"

"သေသွားတာ"

"ရှင်…"

"ငါပြောချင်တာက… ငါ့အဖေက မသေခင်တစ်ချိန်လုံး အိုဗာတင်း သောက်ခဲ့တာကွ။ သေမယ့်မနက်မှာ လည်း အိုဗာတင်း သောက်သေးတယ်… အဲ့ဒါကြောင့် ငါက ငါ့အဖေကြိုက်တဲ့ အိုဗာတင်းပုလင်းထဲကို

သူ့အရိုးပြာထည့်လာတာလေ…”

သူစိတ်မကောင်းစွာနှင့် ပင် သူမကို ရှင်းပြနေသေး၏။

သူ့အတွက်နဲ့ သူဆိုတော့လည်း သူမဝင်စွပ်ဖက်ဖို့ မကြိုးစားချင်တော့။

“Sorry နော်… ကျွန်မက ဖြစ်ကြောင်းကုန်စင်ကို မသိလို့ ပါ…”

“ရပါတယ်… အေးဆေးပါ”

“ဒါဆို… ရေလယ်ကျောက်တန်းကို သွားမယ်ပေါ့… ဟုတ်လား?”

“အဖေရဲ့ နောက်ဆုံးဆန္ဒက သူ့အရိုးပြာလေးကို ကျောက်တန်းရေလယ်ဘုရားမှာ မျှောပေးပါတဲ့ ။ အဲဒါကြောင့် အဖေ့ပြာသွားမျှောမလို့ … ”

“အင်းပါ… ပြီးရင်တော့ ပဲခူးကိုပြန်မှာ ပေါ့နော်…”

“ဒါပေါ့…”

သူမလက်မှ နာရီကို ငုံကြည့်လိုက်သော် ညနေ လေးနာရီခွဲကျော်နေပေပြီ။

ဒါပေမဲ့… မတတ်နိုင်တော့။ သူနှင့် သာ ဆက်လိုက်ရန် သူမ ဆုံးဖြတ်လိုက်ပါတော့၏။

*